မိုးကောင်းမြေစာပေ


mgyoe.com

SAMPLE BOOK

# အုပ်ချုပ်ရေးဟူသည်

## *What is Administration?*

တင့်နိုင်မြင့် (G.A)



mgyoe.com

mgyoe.com

## လောကသာရပျို့

SAMPLE BOOK

စာပုဒ်-၂၆

ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့
ကြံတွေးလှည့်ကာ၊ မသိသာတည့်
ရေးရာထင်မြင်၊ မဖြစ်ခင်က
တိုင်ပင်မပြတ်၊ ကျွန်မှူးမတ်နှင့်
ကျမ်းတတ်ဟူးရာ၊ တတ်မြောက်များသား
ပုဏ္ဏားရဟန်း၊ ရှေ့တွင်ဝန်း၍
ကိန်းခန်းတသာ၊ အခါမေးမြှူ
ကောင်း၏ဟူလည်း၊ ကျင့်မူမမေ့
အစလေ့ဖြင့်၊ အရှေ့အနောက်
တောင်မြောက်ရေကြည်၊ စီစစ်သည်းလျက်
စောင့်စည်းရုံတား၊ ကင်းသေထား၍
မြေခြားသူ မလွှန်စေနှင့် မင်း။ ။

ကန်တော်မင်းကျောင်းဆရာတော်

# အုပ်ချုပ်ရေးဟူသည်

*What is Administration?*

တင့်နိုင်မြင့် (G.A)

MKM SP 10000 Ks

9 697006 002124

graphic design : Naing Naing @ 2025

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

MKM
မိုးကောင်းမြေ စာပေ

၀၉ ၉၆၉ ၇၀၀ ၆၀၆ / ၀၉ ၄၄၄ ၉၈၇ ၉၂၈
moekaungmyaysp@gmail.com
mkm@moekaungmyay.com
www.moekaungmyay.com

စာစဉ် – ၂၁၂

mgyoe.com

mgyoe.com



Fb Page QR

mgyoe.com

mgyoe.com SAMPLE BOOK

**လောကသာရပျို့**

စာပုဒ် - ၂၆

ပြည့်ထဲအရေး၊ ပေါက်နှင့်ကျေးသို့
ကြံတွေးလှည့်ကာ၊ မသိသာတည့်
ရေးရာထင်မြင်၊ မဖြစ်ခင်က
တိုင်ပင်မပြတ်၊ ကျွန်မှူးမတ်နှင့်
ကျမ်းတက် ဟူးရာ၊ တက်မြောက် မြားသား
ပုဏ္ဏားရဟန်း၊ ရှေ့တွင်ဝန်း၍
ကိန်းခန်းတသာ၊ အခါမေးမြူ
ကောင်း၏ ဟူလည်း၊ ကျင့်မူမမေ့
အစလေ့ဖြင့်၊ အရှ့ အနောက်
တောင်မြောက်ရေကြည်၊ စီစစ်သည်းလျက်
စောင့်စည်းရံတား၊ ကင်းသေထား၍
မြေခြားသူ မလွန်စေနှင့် မင်း။

ကန်တော်မင်းကျောင်းဆရာတော်

# အုပ်ချုပ်ရေးဟူသည်

# What is Administration?

တင့်နိုင်မြင့် (G.A)

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသည့် ခုနှစ်၊ လ ■ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (ပထမအကြိမ်)

စာတည်း ■ ခန့်မှူးပိုင်(ဓာတု)
မျက်နှာဖုံးဒီဇိုင်း ■ Naing Naing
အတွင်းဒီဇိုင်း ■ MKM Computer Team

ထုတ်ဝေသူ ■ ဦးနိုင်ဝင်းဇော်
(မိုးကောင်းမြေ စာပေ-၀၂၈၈၀)
အမှတ် ၁၅၈ (ပထမထပ်)၊ လမ်း ၅၀ (အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ် ■ ဦးဇေယျာဦး (၀၁၅၇၉)
Silver Sky Press ပုံနှိပ်တိုက်၊
အမှတ် (၃၁)၊ ၈၉ လမ်း၊ ကန်နောက်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အုပ်ရေ ■ ၁၀၀၀
တန်ဖိုး ■ ၁၀၀၀၀

ထုတ်ဝေသည့်စာအုပ်ကက်တလောက်အညွှန်း(CIP)

တင့်နိုင်မြင့် (G.A)
အုပ်ချုပ်ရေးဟူသည် / တင့်နိုင်မြင့် (G.A) - ရန်ကုန်၊
မိုးကောင်းမြေ စာပေတိုက်၊ ၂၀၂၅။
၂၂၃ စာ၊ ၂၁ စင်တီ။
(၁) အုပ်ချုပ်ရေးဟူသည်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- အမှာစာ ၁၃
- လက်ဆောင်ကမ်းအမှာ ၁၅
- စားရေးသူ၏ ရင်တွင်းစကား ၁၇

အခန်း (၁)
အုပ်ချုပ်ရေးဟူသည်

၁။ အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် အမေး/အဖြေများ ၂၁

အခန်း (၂)
အုပ်ချုပ်ရေးနှင့် နိုင်ငံတော်

၁။ အုပ်ချုပ်ရေး ၃၈
၂။ နိုင်ငံတော် ၃၉
၃။ လူဦးရေ ၄၄
၄။ နယ်မြေ၊ နယ်နိမိတ် ၄၆
၅။ နယ်မြေနှင့် အုပ်ချုပ်ရေး ၄၈
၆။ မြန်မာနိုင်ငံအုပ်ချုပ်ရေးနယ်မြေများအကြောင်း ၅၀
၇။ ရှေးဟောင်းအုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု
၈။ ဗြိတိသျှတို့၏အုပ်ချုပ်ရေးနယ်မြေ အဆင့်ဆင့်ဖွဲ့စည်းမှု ၅၃
အင်္ဂလိပ် – မြန်မာ (ပထမ) စစ်ပွဲအပြီး နယ်မြေဖွဲ့စည်းမှု


mgyoe.com

mgyoe.com SAMPLE BOOK


အင်္ဂလိပ် – မြန်မာ (ဒုတိယ) စစ်ပွဲအပြီး နယ်မြေဖွဲ့စည်းမှု
အင်္ဂလိပ် – မြန်မာ (တတိယ) စစ်ပွဲအပြီး နယ်မြေဖွဲ့စည်းမှု
၉။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးနယ်မြေ (၁၈၈၆–၁၉၄၇) ၅၅
အထက်မြန်မာပြည်
အောက်မြန်မာပြည်
၁၀။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးနယ်မြေ (၁၈၈၆–၁၉၄၇၊ နောက်ပိုင်း) ၅၈
ရှမ်းပြည်နယ်
ချင်းတောင်တန်းဒေသ
ကချင်တောင်တန်းဒေသ
၁၁။ ၁၉၄၂–၄၅ ခုနှစ် ဂျပန်ခေတ် အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု ၆၀
၁၂။ ၁၉၄၈–၆၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ
အစိုးရလက်ထက် နယ်မြေဖွဲ့စည်းမှု ၆၂
၁၃။ ၁၉၆၂–၇၂ ခုနှစ် တော်လှန်ရေးအစိုးရလက်ထက်
နယ်မြေ ဖွဲ့စည်းမှု ၆၃
၁၄။ ၁၉၇၄–၈၈ ခုနှစ် ပြည်သူကောင်စီကာလ နယ်မြေဖွဲ့စည်းမှု ၆၃
၁၅။ ၁၉၈၈–၉၆ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့ကာလ နယ်မြေဖွဲ့စည်းမှု ၆၄
၁၆။ ၁၉၈၈–၂၀၀၄ ခုနှစ်အထိ နယ်မြေဖွဲ့စည်းမှု ၆၅
၁၇။ ၁၉၉၇–၂၀၁၀ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီကာလ နယ်မြေဖွဲ့စည်းမှု ၆၅
၁၈။ ၂၀၁၁–၂၀၂၀ ခုနှစ် ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် အစိုးရကာလ နယ်မြေဖွဲ့စည်းမှု ၆၅
၁၉။ ၂၀၂၁–၂၀၂၅ ခုနှစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီကာလ နယ်မြေဖွဲ့စည်းမှု ၆၅
၂၀။ ၂၀၂၅ ခုနှစ်နောက်ပိုင်း နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေးကော်မရှင်ကာလ နယ်မြေဖွဲ့စည်းမှု ၆၆


mgyoe.com

mgyoe.com SAMPLE BOOK

၂၁။ နိုင်ငံတစ်နိုင်ငံ၏နယ်မြေ အရေးပါပုံ ၆၆
၂၂။ အစိုးရ ၆၇
၂၃။ အစိုးရစနစ် ၆၈
၂၄။ အစိုးရအဖွဲ့ ဖွဲ့စည်းပုံစံအမျိုးမျိုး ၇၀
၂၅။ အစိုးရအဖွဲ့ (Cabinet) ၇၀
၂၆။ အစိုးရယန္တရားနှင့် ပေါ်လစီ ၇၀
၂၇။ အစိုးရအလုပ် ခွဲဝေသည့်မှု ၇၁
၂၈။ အစိုးရအဖွဲ့အစည်း ၇၃
၂၉။ အစိုးရအမျိုးအစား (၆) မျိုး ၇၄
၃၀။ အစိုးရနှင့် ပြည်သူ ၇၇
၃၁။ အချုပ်အခြာအာဏာ ၇၈
၃၂။ နယ်မြေ/ နယ်ပယ်ဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာ ၇၉
၃၃။ အာဏာ ၈၀
၃၄။ အုပ်ချုပ်မှုအာဏာအကြောင်း ၈၁
၃၅။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ၈၃
၃၆။ အုပ်ချုပ်ရေးနှင့် နိုင်ငံတော် ၈၄

## အခန်း (၃)
## အုပ်ချုပ်ရေးနှင့် နိုင်ငံရေး

၁။ အုပ်ချုပ်ရေး ၈၆
၂။ နိုင်ငံရေး ၈၇
၃။ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးသမား ၈၉
၄။ အုပ်ချုပ်ရေးသမားနှင့် နိုင်ငံရေးသမား ၉၁
၅။ ပြည်သူနှင့် နိုင်ငံရေး ၉၂
၆။ ပြည်သူနှင့် အုပ်ချုပ်ရေး ၉၃
၇။ အုပ်ချုပ်ရေးနှင့် နိုင်ငံရေး ၉၃

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၄)
## အုပ်ချုပ်ရေးနှင့် တရားရေး


၁။ အုပ်ချုပ်ရေးလုပ်ငန်းစဉ် ၉၅

၂။ တရားရေးရာလုပ်ငန်းစဉ် ၉၅

၃။ အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးများ ၉၆

၄။ တရားစီရင်ရေးစနစ် ၉၇

၅။ တရားစီရင်ဆန်ဆန် လုပ်ကိုင်ရသော လုပ်ငန်းကိစ္စများ ၉၈

၆။ အုပ်ချုပ်ရေးဆိုင်ရာ တရားရေးရာသဘောထား ၁၀၁

၇။ အုပ်ချုပ်သူနှင့် တရားသူကြီး ၁၀၂

၈။ အုပ်ချုပ်ရေးနှင့် တရားရေးရာ ၁၀၃


## အခန်း (၅)
## အုပ်ချုပ်ရေးနှင့် ဥပဒေ


၁။ တရားဥပဒေ ၁၀၇

၂။ ဥပဒေအမျိုးမျိုး ၁၀၈

၃။ ဥပဒေ၏အရည်အသွေး ၁၀၉

၄။ ခေတ်နှင့်အညီ ဥပဒေပြုရေး ၁၁၀

၅။ အုပ်ချုပ်သူနှင့် ဥပဒေ ၁၁၁

၆။ အုပ်ချုပ်ရေးဥပဒေ ၁၁၂

၇။ အာဏာသုံးရပ်ခွဲခြားခြင်းနှင့် အုပ်ချုပ်ရေးဥပဒေ ၁၁၄

၈။ အုပ်ချုပ်ရေးနှင့် ဥပဒေ ၁၁၄


## အခန်း (၆)
## အုပ်ချုပ်ရေးနှင့် လွှတ်တော်


၁။ ရှေ့မြန်မာဘုရင်များလက်ထက် အုပ်ချုပ်ရေး ၁၁၆

၂။ ရှေ့မြန်မာဘုရင်များလက်ထက် လွှတ်တော် ၁၁၈


mgyoe.com

m g y o e . c o m
SAMPLE BOOK


၃။ အစိုးရအဖွဲ့က လွှတ်တော်ကို ထိန်းညှိပုံ ၁၂၀
၄။ လွှတ်တော်က အစိုးရအဖွဲ့ကို ထိန်းကျောင်းပုံ ၁၂၁
၅။ ပြည်သူများမှ လွှတ်တော်အပေါ်ထားရှိသည့် သဘောထား ၁၂၂
၆။ ပြည်သူမှ လွှတ်တော်ကိုယ်စားလှယ်အား
ပြန်လည်ရုတ်သိမ်းနိုင်ရေး ၁၂၃
၇။ ကိုယ်စားလှယ်များ အရည်အချင်းနှင့် လွှတ်တော်အပေါ်
ထားရှိရမည့်သဘောထား/ အချက်များ ၁၂၅
၈။ နိုင်ငံရေးသမားနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၂၆
၉။ အုပ်ချုပ်ရေးနှင့် လွှတ်တော် ၁၂၇

အခန်း (၇)

အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲ

၁။ ရွေးကောက်ပွဲကျင်းပရသည့် အဓိကအချက်များ ၁၃၁
၂။ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲကော်မရှင်
လုပ်ငန်းဆောင်ရွက်ကြပုံ ၁၃၂
၃။ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက်
အုပ်ချုပ်ရေးအဖွဲ့များ၏အရေးပါမှု ၁၃၃
၄။ ရွေးကောက်ပွဲအမျိုးအစားများ ၁၃၄
(က) ဗဟု/ အများစုကိုယ်စားပြုစနစ်
(Plurality - Majority Systems)
(ခ) ပေါင်းစပ်ထားသော အချိုးကျစနစ်
(Mixed System)
(ဂ) အချိုးကျကိုယ်စားပြုစနစ်
(Proportional Representation - PR)
(ဃ) အခြားစနစ်များ
(Other Systems)

m g y o e . c o m

mgyoe.com SAMPLE BOOK

၅။ နိုင်ငံတကာတွင် ရွေးကောက်ပွဲကျင်းပကြသည့်စနစ်များ ၁၅၀
၆။ နိုင်ငံရေးပါတီနှင့် ရွေးကောက်ပွဲ ၁၅၁
၇။ ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီ ၁၅၂
၈။ ရွေးကောက်ပွဲနှင့် ပြည်သူ ၁၅၃
၉။ အုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲ ၁၅၄

## အခန်း (၈)
## အုပ်ချုပ်ရေးနှင့် စီးပွားရေး

၁။ အုပ်ချုပ်ရေး ၁၅၆
၂။ စီးပွားရေး ၁၅၇
၃။ စီးပွားရေးစနစ်များ ၁၅၇
၄။ အုပ်ချုပ်ရေးကဏ္ဍတွင် စီးပွားရေးအရေးပါမှု ၁၅၉
၅။ အုပ်ချုပ်ရေးနှင့် စီးပွားရေး ၁၆၀

## အခန်း (၉)
## အုပ်ချုပ်ရေးနှင့် လူမှုရေး

၁။ အုပ်ချုပ်ရေး ၁၆၁
၂။ လူမှုရေး ၁၆၂
၃။ အုပ်ချုပ်ရေးကဏ္ဍတွင် လူမှုရေးသည် အရေးပါမှု ၁၆၂
၄။ အုပ်ချုပ်ရေးနှင့် လူမှုရေးဆက်နွယ်မှု ၁၆၃
၅။ လူမှုအုပ်ချုပ်ရေး ၁၆၄
၆။ အုပ်ချုပ်ရေးနှင့် လူမှုရေး ၁၆၅

## အခန်း (၁၀)
## အုပ်ချုပ်ရေးနှင့် ပြည်သူ

၁။ အုပ်ချုပ်ရေး ၁၆၈

mgyoe.com

mgyoe.com SAMPLE BOOK


၂။ ပြည်သူ ၁၆၉
၃။ ပြည်သူ (နိုင်ငံသား) များ၏ ရပိုင်ခွင့် ၁၇၀
၄။ ပြည်သူ့အုပ်ချုပ်ရေး ၁၇၁
၅။ အုပ်ချုပ်ရေးနှင့် ပြည်သူ ၁၇၂


## အခန်း (၁၁)
## အုပ်ချုပ်ရေးနှင့် ဝန်ထမ်း


၁။ ဝန်ထမ်း ၁၇၅
၂။ နိုင်ငံ့ဝန်ထမ်း ၁၇၅
၃။ ပြည်သူ့ဝန်ထမ်း ၁၇၆
၄။ အစိုးရဝန်ထမ်း ၁၇၇
၅။ ပဋိညာဉ်ခံဝန်ထမ်း ၁၇၈
၆။ I.C.S ဝန်ထမ်း ၁၇၉
၇။ B.C.S ဝန်ထမ်း ၁၈၀
၈။ ဝန်ထမ်း/ပြည်သူ့ဝန်ထမ်း ၁၈၁
၉။ အုပ်ချုပ်ရေးနှင့် ဝန်ထမ်းအရေးပါမှု ၁၈၂
၁၀။ ဝန်ထမ်းဆိုင်ရာ စီမံခန့်ခွဲမှု ၁၈၃
၁၁။ ဝန်ထမ်းကောင်းများ ပြုစုပျိုးထောင်ချီးမြှင့်ခြင်း ၁၈၄
၁၂။ အုပ်ချုပ်ရေး၊ ဝန်ထမ်းနှင့် အဂတိ ၁၈၅
၁၃။ အကျိုးခံစားခွင့်နှင့် အဂတိတရား ၁၈၇
၁၄။ ဝန်ထမ်းများနှင့် အဂတိလိုက်စားမှု ၁၈၇
၁၅။ အုပ်ချုပ်ရေးသဘာဝနှင့် ဝန်ထမ်း ၁၈၈
၁၆။ အုပ်ချုပ်ရေးဝန်ထမ်း ၁၈၉
၁၇။ ဝန်ထမ်းနှင့် နိုင်ငံရေး ၁၈၉
၁၈။ ဝန်ထမ်းနှင့် ပြည်သူ ၁၉၀
၁၉။ ဝန်ထမ်းနှင့် အစိုးရ ၁၉၁


mgyoe.com

mgyoe.com SAMPLE BOOK


၂၀။ ဝန်ထမ်းနှင့် ကြိုးနီစနစ် (Bureaucracy and Red Tape) ၁၉၃
၂၁။ အုပ်ချုပ်ရေးနှင့် ဝန်ထမ်း ၁၉၅


## အခန်း (၁၂)
## အုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်း


၁။ ဖွဲ့စည်းခြင်း (Organizing) ၁၉၉
၂။ အဖွဲ့အစည်း၏အင်္ဂါရပ် ၁၉၉
၃။ ဖွဲ့စည်းမှုသဘော ၂၀၀
၄။ ဖွဲ့စည်းမှုနည်းစနစ် ၂၀၀
၅။ ဖွဲ့စည်းမှုပုံစံ ၂၀၁
၆။ အဖွဲ့အစည်းအမျိုးအစား ၂၀၁
၇။ ဌာနဆိုင်ရာ ၂၀၂
၈။ အဖွဲ့အစည်း ၂၀၃
၉။ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏
လုပ်ငန်းနှင့် ဆောင်ရွက်ပုံနည်းလမ်း ၂၀၄
၁၀။ ပြည်သူ့ရေးရာအဖွဲ့အစည်းပုံစံ ၂၀၄
၁၁။ လုပ်ပိုင်ခွင့်စီမံခန့်ခွဲမှုပုံစံ ၂၀၅
၁၂။ အဖွဲ့အစည်း၊ ဌာနအတွင်း အုပ်ချုပ်ရေး ၂၀၇
၁၃။ အဖွဲ့အစည်း၊ ဌာနများအပေါ် အုပ်ချုပ်ရေး ၂၀၈
၁၄။ အဆင့်တူချင်း အဖွဲ့အစည်း၊ ဌာနမှ တာဝန်ယူ၍အုပ်ချုပ်ခြင်း ၂၀၉
၁၅။ သီးခြားအဖွဲ့အစည်း၊ ဌာနတစ်ခုမှ အုပ်ချုပ်ခြင်း ၂၁၁
၁၆။ အုပ်ချုပ်ရေးနှင့် အဖွဲ့အစည်း ၂၁၂


## အခန်း (၁၃)
## အုပ်ချုပ်ရေးနှင့် အထွေထွေကဏ္ဍ


၁။ ကဏ္ဍများ၏ သုံးသပ်ချက်များ ၂၁၃


■ ■ ■ ■ ■ ■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာစာ

တင့်နိုင်မြင့် G.A ၏ 'အုပ်ချုပ်ရေးဟူသည်' စာအုပ်ကို လေ့လာဖတ်ရှုခြင်းဖြင့် မြန်မာနိုင်ငံသမိုင်းကြောင်းကို သိခွင့်ရသည်။ အထူးသဖြင့် G.A ၏ အုပ်ချုပ်ရေးအဆင့်ဆင့် ပြောင်းလဲလာပုံနှင့် G.A ပါဝင်ရသည့် အခန်းကဏ္ဍများကို ပြည့်ပြည့်စုံစုံ တင်ပြထားသဖြင့် ဗဟုသုတ တိုးပွားရသည်။ အုပ်ချုပ်ရေးသည် သိမ်မွေ့နက်နဲကျယ်ပြန့်ပုံ၊ အုပ်ချုပ်ရေးမဏ္ဍိုင် (Steel Frame of Administration) ခိုင်မြဲစေရန်အတွက် G.A ဝန်ထမ်းများက အဓိကယန္တရား၏ မောင်းနှင်ရေးဖြစ်ကြောင်း အလင်းရောင်ပေးထားသည်။

မြန်မာနိုင်ငံ အုပ်ချုပ်ရေး နယ်မြေဖွဲ့စည်းမှု၊ ဗြိတိသျှတို့၏ အုပ်ချုပ်ရေး နယ်မြေဖွဲ့စည်းမှု၊ ဂျပန်ခေတ် အုပ်ချုပ်ရေး နယ်မြေဖွဲ့စည်းမှုမှ ၁၉၄၈ ခုနှစ်မှ ယနေ့ထိ အစိုးရအဆက်ဆက် အုပ်ချုပ်ရေး နယ်မြေဖွဲ့စည်းမှုတို့ကို လေ့လာခွင့်ရသဖြင့် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကဏ္ဍ အဆင့်ဆင့်ပြောင်းလဲလာပုံတို့ကို သိခွင့်ရသည်။ အစိုးရအဖွဲ့၊ ဖွဲ့စည်းပုံအမျိုးမျိုး၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေး – တရားရေး – ဥပဒေ – လွှတ်တော် – ရွေးကောက်ပွဲလုပ်ငန်းများ ဆက်စပ်နေပုံတို့ကို ဖော်ပြထားသဖြင့် G.A မျိုးဆက်သစ်တို့ အထူးလေ့လာသင့်သည်။ အုပ်ချုပ်ရေးနှင့် စီးပွားရေး – လူမှုရေး – အထွေထွေကဏ္ဍတို့ ဆက်စပ်ပုံတို့အပြင် နိုင်ငံဝန်ထမ်း – ပြည်သူ့ဝန်ထမ်း – အစိုးရဝန်ထမ်း – ပဋိညာဉ်ခံဝန်ထမ်း – I.C.S – B.C.S ဖြစ်တည်ပုံတို့ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မိုးကောင်းမြေ စာပေ



mgyoe.com

mgyoe.com SAMPLE BOOK 

အုပ်ချုပ်ရေးသည် နိုင်ငံတစ်နိုင်ငံတွင် အရေးကြီးကြောင်း အုပ်ချုပ်ရေးသမားတစ်ဦးရှိရမည့် အရည်အချင်းများ၊ အုပ်ချုပ်ရေးသမားတစ်ဦး၏ ဘက်စုံတာဝန်များကို ရှုထောင့်မျိုးမျိုးမှ တင်ပြထားသည်။ အထူးသဖြင့် G.A၏ ဥသျှောင်ဆရာကျော် ( အောင်မြတ်ကျော်) ၏ ဆွေးနွေးချက်များကို ပထမဦးစွာ ဖတ်ရသဖြင့် **G.A Tradition (အစဉ်အလာ)**၊ **G.A Affection (သံယောဇဉ်)**၊ **G.A Minded (စိတ်ဓာတ်)** တို့ကို ခန့်မှန်းသိရှိနိုင်သည်။ တာဝန်ထမ်းဆောင်ဆဲ G.A ဝန်ထမ်းများအနေဖြင့် G.A၏ အစဉ်အလာ၊ G.A၏ သံယောဇဉ်နှင့် G.A ၏ စိတ်ဓာတ်တို့ မွေးမြူဖို့ ခွန်အားဖြစ်ပေါ်စေပါသည်။ စာအုပ်တစ်အုပ်လုံး ဖတ်ချင်လာအောင် အထောက်အထားအပြည့်အစုံဖြင့် ဆွေးနွေးပေးထားသည်။ G.A ဌာနအပေါ် သံယောဇဉ်ကြီးမားသော ဆရာကျော်ရေးသားသော စာအုပ်ပေါင်းများစွာကို ဖတ်ရှုပြီး အနှစ်ထုတ်၍ ရေးသားထားသော တင့်နိုင်မြင့် G.A ၏ **'အုပ်ချုပ်ရေးဟူသည်'** စာအုပ်မှာ G.Aဝန်ထမ်းများသာမက အခြားပုဂ္ဂိုလ်များ၊ ပြည်သူများလည်း ဖတ်ရှုလေ့လာသင့်သည်။ တာဝန်ထမ်းဆောင်ဆဲ G.Aဝန်ထမ်းများ အထူးသဖြင့် G.Aအရာထမ်းများအားလုံး မပျက်မကွက် ဖတ်ရှုပြီး လက်ကိုင်ပြုသင့်သည့် လက်စွဲစာအုပ်ကောင်းအဖြစ် ထားရှိသင့်သည်ဟု ယူဆပါသည်။

ဦးမိုးဆွေ ပ/၂၄၂၁
တိုင်းအုပ်ချုပ်ရေးမှူး (ငြိမ်း)


mgyoe.com

mgyoe.com SAMPLE BOOK

## လက်ဆင့်ကမ်းအမှာ

စာရေးသူတို့ငယ်စဉ် အုပ်ချုပ်ရေးဝန်ထမ်းဘဝက အုပ်ချုပ်ရေးအကြောင်း ပြောဆိုလျှင် မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းသလို ကိုယ့်အမြင်၊ ကိုယ့်အတွေးဖြင့် အယူအဆများဖြင့် ပြောကြသည်။

တကယ်တော့ အုပ်ချုပ်ရေးသည် လူတစ်ဦးချင်းစီ၏ အထွေထွေသော ဘဝပြဿနာမှ အစ၊ လူ့အဖွဲ့အစည်း အလယ်၊ နိုင်ငံတော် အဆုံး အားလုံးနှင့် အကြုံးဝင်သက်ဆိုင်ပါသည်။

ထို့ပြင်အုပ်ချုပ်ရေးသည် နိုင်ငံတော်မူဝါဒများ၊ ရည်မှန်းချက်များ အကောင်အထည်ဖော်သော ယန္တရားအနေဖြင့် နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးပါသည်။

ထို့ပြင် အုပ်ချုပ်ရေးယန္တရားကို အမိန့်ယန္တရားအဖြစ် အသုံးပြုခြင်းထက် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အသုံးပြုခြင်းဖြင့် အုပ်ချုပ်ရေးတရားမျှတမှု **(Administrative Justice)**၊ လောကပါလတရားကို အကောင်အထည်ဖော်သည့် ဘက်စုံထောင့်စုံအဖြစ် လေ့လာသော **(Muti Dimensional Study)** အဖြစ် ရှုမြင်တတ်ဖို့ လိုပါသည်။

မိုးကောင်းမြေ စာပေ



mgyoe.com

mgyoe.com SAMPLE BOOK


ထို့ကြောင့် ပြည်သူကို အကျိုးပြုသော အုပ်ချုပ်ရေး ယန္တရား တည်ဆောက်မည်ဆိုပါက အုပ်ချုပ်ရေး၊ တရားမျှတမှု ထွန်းကားရေးနှင့် အုပ်ချုပ်ရေးယဉ်ကျေးမှု **(Administrative Culture)** စဉ်ဆက်မပြတ် ရှင်သန်ရန် အားထုတ်ကြရပါမည်။

ယခု တင့်နိုင်မြင့် **(G.A)** ၏ **'အုပ်ချုပ်ရေးဟူသည်'** စာအုပ်သည် အုပ်ချုပ်ရေးဝန်ထမ်းများနှင့် အုပ်ချုပ်ရေးဘာသာရပ်ကို စိတ်ဝင်စားသူများ အတွက် လိုအပ်သော စာပေကွက်လပ်တစ်ခု ဖြည့်ဆည်းပေးသည်ဟု ဆိုရ ပါမည်။

ဦးကျော် (အောင်မြတ်ကျော်)
ညွှန်ကြားရေးမှူး (ငြိမ်း)
ကန်တော့ခံသက်ကြီးစာပေပညာရှင်


mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ ရင်တွင်းစကား

အုပ်ချုပ်ရေးသည် 'ကြက်ဥအရောင် တိမ်ရောင်တပြေး ပေါက်နှင့်ကျေးသို့ ပြည်ရေး မင်းရေး ရှုပ်ထွေးထွေပြား ဤနှစ်ပါးကို ပိုင်းခြားဆုံးဖြတ်သိနိုင်တတ်အောင်'(မဃဒေဝလင်္ကာ အပိုဒ် – ၃၇၂ ) ဟူ၍လည်းကောင်း၊ မန်လည်ဆရာတော်ဘုရားကြီး၏ မဟာသုတကာရီ မဃဒေဝလင်္ကာတွင် အုပ်ချုပ်ရေး၏ သဘောသဘာဝကို 'တွင်းပြင်နီး၊ ဆေးလွန်ရှုပ်ထွေးခဲ့ ပြည်ရေးမင်းရေး ပေါက်နှင့် ကျေးသို့ ကျေးလည်းစိမ်းစိမ်း ပေါက်စိမ်းစိမ်း' ဟူ၍လည်းကောင်း၊ ကန်တော်မင်းကျောင်း ဆရာတော်၏ လောကသာရပျို့တွင် 'ပြည်တဲအရေး ပေါက်နှင့်ကျေးသို့ ကြံတွေးလှည့်လာ မသိသာတည်း' ဟူ၍လည်းကောင်း အုပ်ချုပ်ရေးအကြောင်းကို ဖွဲ့ဆိုကြသည်ကို တွေ့ကြရပါသည်။

စာရေးသူသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော်လည်း နက်နဲကျယ်ပြန့်လှသည့် အုပ်ချုပ်ရေး ပညာရပ်အကြောင်းများကို ဆရာ့စာအုပ်များနှင့် လက်တွေ့လုပ်ငန်းများတွင် ထိတွေ့မှု ရှိခဲ့သော်လည်း အနည်းငယ်မျှသာ သိကျွမ်းခဲ့ရပါသည်။ ဆက်လက် လေ့လာဆည်းပူး၍လည်း ကုန်နိုင်ဖွယ် မရှိပါ။ အုပ်ချုပ်ရေးအကြောင်းကို ပိုမိုသိချင်မိပါသည်။ သို့ဖြစ်၍ ဆရာဦးကျော်၊ ညွှန်ကြားရေးမှူး၊ B.C.S (ငြိမ်း) စာရေးဆရာ အောင်မြတ်ကျော်ထံသို့ ကြိမ်ဖန်များစွာ



mgyoe.com

mgyoe.com SAMPLE BOOK

ရောက်ခဲ့သည်။ ဆရာ့အား အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများအား မေးမြန်းသည့် အခါတိုင်း အုပ်ချုပ်ရေးအကြောင်းများနှင့် ဆရာ့ဝန်ထမ်းဘဝ အတွေ့အကြုံများကို စိတ်အားထက်သန်စွာ ပြောပြ၍ စိတ်ဝင်စားဖွယ်ရာ မှတ်သားစရာများ တိုးပွားရရှိခဲ့ရပါသည်။

ဆရာသည် အုပ်ချုပ်ရေးဌာနနှင့် ပတ်သက်၍ အတွေ့အကြုံရင့်ကျက်သူ၊ အုပ်ချုပ်ရေးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးအကြောင်းများကို စာပေ၊ စာအုပ်များစွာ ရေးသားခဲ့သူအပြင် ခေတ်အဆက်ဆက် ပြည်ထဲရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်လုပ်ခဲ့သူလည်း ဖြစ်ပါသည်။ အုပ်ချုပ်ရေးဖွံ့ဖြိုးမှုသင်တန်းကျောင်း (I.D.A) ၏ အကြံပေးအဖွဲ့ ဥက္ကဋ္ဌဖြစ်ပြီး အသက် ၈၈ နှစ်သို့ ရောက်နေပြီး ဖြစ်သော်လည်း ကျန်းမာလျက် စာဖတ်၊ စာရေးခြင်းများ ဆောင်ရွက်နေလျက် ရှိပါသည်။ စာရေးသူအနေဖြင့် အုပ်ချုပ်ရေးဌာန၏ သက်ရှိဂန္ထဝင်ပုဂ္ဂိုလ်ဟု ဆိုချင်ပါသည်။ ဆရာကဲ့သို့ သက်ရှိပုဂ္ဂိုလ်များ အနည်းငယ်သာ ကျန်ရှိနိုင်ပါသည်။ သူတို့နှင့် စာရေးသူမှာ ဝေးကွာနေပြီး အနီးတွင်ရှိနေသော ဆရာ့ထံသို့ အလည်သွားရင်း အထွေထွေ အုပ်ချုပ်ရေးရာအကြောင်းများကို လေ့လာမှတ်သားရင်း လုပ်ဖော်ကိုင်ဖက်များနှင့် မျိုးဆက်သစ် ထွေအုပ်လူငယ်များအတွက် ဆရာ့ထံမှတစ်ဆင့် လက်ဆင့်ကမ်း အမွေအဖြစ်ပေးကမ်းနိုင်ရန် စိတ်ကူးဖြစ်ပေါ်မိခဲ့ပါသည်။

စာရေးသူတို့သည် တာဝန်ထမ်းဆောင်ခဲ့ရသော နယ်ပယ်ကျဉ်းကျဉ်းထဲတွင် အုပ်ချုပ်ရေးကို ထိတွေ့ခဲ့မှုများမှာလည်း အချိန်ကာလတစ်ခုအထိသာ ပတ်သက်ခဲ့ရသည်။ ထိုနယ်ပယ်၌ တာဝန်ယူဆောင်ရွက်ခဲ့သူများသည် အချိန်တန်ချိန်၌ ဌာနမှ ထွက်ခွာသွားကြပြီး အသစ်သစ်သော (မျိုးဆက်သစ် အုပ်ချုပ်ရေးသမားများ) များက ဝင်ရောက်နေရာယူကြသည်မှာ သဘာဝတရားပင် ဖြစ်ပါသည်။

အုပ်ချုပ်ရေးသည် အမြဲတမ်း ရှင်သန်ဖွံ့ဖြိုးနေလျက်ရှိရာ အုပ်ချုပ်ရေးအကြောင်းကို စာပေများမှတစ်ဆင့် ဖတ်ရှု၍လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အတွေးအမြင်များကို ကိုယ်တိုင်လက်


mgyoe.com

m gyoe.com SAMPLE BOOK

တွေ့ သိမြင်ခံစားထားသူများထံမှ လည်းကောင်း ရရှိသော ဘဝသင်ခန်းစာများသည် လေးနက်အဓိပ္ပာယ်ရှိလှ၍ တာဝန်ယူလုပ်ကိုင်နေသူတို့၏ အသိ၊ အတွေ့အကြုံနှင့် ပေါင်းစပ်လိုက်ပါက အုပ်ချုပ်ရေးသမားကောင်းတစ်ဦး ဖြစ်နိုင်မှာ သေချာသည်ဟု ထင်မြင်မိပါသည်။ ဆရာတွင် တည်ရှိနေသော အုပ်ချုပ်ရေးဆိုင်ရာ အသိအမြင်များ၊ အတွေးအမြင်များအား အုပ်ချုပ်ရေးဝန်ထမ်းများထံသို့ ပညာအမွေ ရရှိနိုင်ရေးနှင့် 'သက်ကြီးစကား သက်ငယ်ကြား' ဆိုသလို စာရေးသူတို့မှတစ်ဆင့် ပေးဝေမျှရန် တာဝန်ရှိလာသည်ဟု ခံစားခံယူမိခဲ့ပါသည်။

အုပ်ချုပ်ရေးဟူသည် (What is Administration ?) နိုင်ငံတစ်နိုင်ငံ၊ လုပ်ငန်းတစ်ခု သို့မဟုတ် အုပ်စုတစ်ခု၏ ရည်မှန်းချက်များကို အောင်မြင်စေရန်အတွက် စီမံခန့်ခွဲမှုသည် ထိန်းချုပ်သည်နှင့် ဦးဆောင်သည်ဟု နားလည်ပါသည်။ ၎င်း၏ အစိတ်အပိုင်းသုံးခု ဖြစ်သော Governance (အုပ်ချုပ်မှု)၊ Administration (လုပ်ငန်းလမ်းညွှန်အုပ်ချုပ်ရေး) နှင့် Management (စီမံခန့်ခွဲမှု) စသည့်လုပ်ငန်းစဉ်များကို ပေါင်းစပ်ပြီး လုပ်နိုင်မှသာ အောင်မြင်မည် ဖြစ်ပါသည်။

သို့အတွက် ဤစာအုပ်သည် အုပ်ချုပ်ရေးဟူသည် အဘယ်နည်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်ဆက်နွယ်နေသောအရာများ၏ အရေးပါကြပုံ၊ ဦးဆောင်မှု၊ ညှိနှိုင်းပေါင်းစပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ အကြောင်းများကို ဆရာရေးသားထုတ်ဝေခဲ့သော စာအုပ်များမှတစ်ဆင့် ဆရာထံချဉ်းကပ်ခွင့်တောင်းကာ အပတ်စဉ် ဆွေးနွေးဟောပြောသော အုပ်ချုပ်ရေးရာများ၊ အကြောင်းများကို ပြုစုရေးသားထားမှု၊ လေ့လာမှတ်သားခဲ့သော စာပေများနှင့် စာရေးသူ၏ လက်တွေ့ကြုံတွေ့ခဲ့ရသော အုပ်ချုပ်ရေးအလုပ်များ အခြေခံကာ ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ လေ့လာရေးသားစရာများစွာ ကျန်ရှိနေပါသေးသည်။ ပြည့်စုံသည့် စာအုပ်မဟုတ်သည်မှာ သေချာပါသည်။ သို့သော် စာဖတ်သူအတွက် မှတ်စုစာအုပ်အဖြစ် အထောက်အကူဖြစ်စေပြီး ဆက်လက်လေ့လာနိုင်ရန် ကူညီပေးနိုင်မည်ဟု မျှော်လင့်မိပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK 

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် 'အုပ်ချုပ်ရေးဟူသည်' စာအုပ်အား ပြန်လည်စိစစ်ပေးကြသည့် ဆရာဦးကျော် (အောင်မြတ်ကျော်) အား ဂါဝရပြုရှိလည်းကောင်း၊ ဆရာများဖြစ်ကြသော ဦးမိုးဆွေ (တိုင်းအုပ်ချုပ်ရေးမှူး၊ ငြိမ်း)၊ ဦးရဲမြင့် (ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ငြိမ်း)၊ ဦးမောင်မောင်ညွန့် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ ငြိမ်း၊ ဥပဒေသုတေသီ)၊ နှင့် ကူညီမှုများ ပေးကြသော မြို့နယ်အုပ်ချုပ်ရေးမှူး (အငြိမ်းစားနှင့် တာဝန်ထမ်းဆဲ) များနှင့် မိတ်ဆွေ၊ ညီအကိုမောင်နှမများတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည် ။

တင့်နိုင်မြင့် (G.A)



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)
## အုပ်ချုပ်ရေးဟူသည်

မေး။ "ဆရာ၊ အုပ်ချုပ်ရေးဟာ နိုင်ငံတစ်နိုင်ငံမှာ အရေးကြီးတယ်ဆိုတာ သိကြပါတယ်။ အရေးကြီးတဲ့ အုပ်ချုပ်ရေးအကြောင်းကို ကျွန်တော်တို့ နားလည်လွယ်အောင် ရှင်းပြပေးပါ ဆရာ"

ဖြေ။ "အုပ်ချုပ်ရေးအကြောင်းကို သိချင်တဲ့အတွက် ပြောပြပေးပါမယ်။ အုပ်ချုပ်ရေးဆိုတာ နိုင်ငံတော်က ချမှတ်ထားတဲ့၊ အစိုးရက ချမှတ်ထားတဲ့ Policy နိုင်ငံရေးရည်မှန်းချက်တွေကို အကောင်အထည်ဖော်တဲ့ Instrument တစ်ခုပဲ၊ အဲဒီဥစ္စာကို အစိုးရလုပ်တဲ့သူက နားလည်ရမယ်၊ အကောင်အထည်ဖော်တဲ့သူက နားလည်ရမယ်၊ ပြည်သူကလည်း နားလည်ရမယ်၊ သူက Triangle တြိဂံလို့ ခေါ်တာပေါ့၊ ပြည်သူရယ်၊ အစိုးရရယ်၊ ဝန်ထမ်းရယ် သုံးနားညီတြိဂံနဲ့ တည်ဆောက်ပြီးတော့မှ လုပ်လို့ရတာ ဖြစ်တယ်"

"အုပ်ချုပ်ရေးဆိုတာကို ၁၈၇၈ ခုနှစ်လောက်က Woodrow Wilson ဆိုတဲ့ အမေရိကန်သမ္မတက ပြောဖူးတယ်၊ နောက်ပညာရှင်တွေ ပြောတဲ့စကားတွေ ရှိတယ်။ အုပ်ချုပ်ရေးအကြောင်းကို ပြောတဲ့အခါမှာ အုပ်ချုပ်ရေးဟာ နိုင်ငံရေးကို အကောင်အထည်ဖော်တဲ့ အနုပညာတစ်ရပ်ပဲ Artistic Culture တစ်ခုပဲတဲ့၊ အစိုးရက လမ်းစဉ်ချပေးတဲ့အတိုင်း လုပ်ရမယ်၊ ကိုယ်က ကောင်းအောင်လုပ်စေချင်လို့ အကောင်းသွားပြောလို့ မရ


mgyoe.com

mgyoe.com SAMPLE BOOK 

ဘူး။ ညွှန်ကြားတဲ့အတိုင်း လုပ်ရမှာဖြစ်တယ်၊ ကိုယ်က Policy Maker မဟုတ်ဘူး၊ Administrative Administrator အစိုးရက ချပေးတဲ့အတိုင်း အကောင်အထည်ဖော်ရမည့်သူဆိုတာ သိနေဖို့လိုတယ်၊ မသိပါက အန္တရာယ်ဖြစ်နိုင်တယ်"

"အုပ်ချုပ်ရေးအကြောင်း ပြောပြပါဆိုရင် လူတွေဟာ မျက်မမြင်ပုဏ္ဏားခြောက်ယောက် ဆင်စမ်းသလိုပဲ၊ ခေါင်းကိုင်တဲ့အကောင်က ခေါင်းအတွေ့အကြုံ၊ ခြေထောက်ကိုင်တဲ့အကောင်က ခြေထောက်အတွေ့အကြုံကို ပြောကြတယ်၊ ဒီတော့ ပြီးပြည့်စုံသော နားလည်မှု Definition ကို မည်သူမျှ မပေးနိုင်ကြဘူး၊ ဘယ်လောက် ကျယ်ပြန့်လဲဆိုရင် 'တိမ်တောင်သဖွယ် မင်းရေး' ဟု ရှေးက စာဆိုခဲ့ကြတယ်၊ ပြည်ထဲရေး ပေါက်ပင်ကျေးတို့ အင်မတန်ကျယ်ပြန့်တဲ့ဟာ၊ အဲဒါကြောင့်မို့ အုပ်ချုပ်ရေးအကြောင်း ပြောပါဆိုရင် ခုနက ဆင်ဖမ်းသလို့ ကိုယ်ထင်တာ ကိုယ်ပြောကြတာ၊ တကယ်အစစ်အမှန်က အစိုးရက သူလုပ်ချင်တဲ့အရာကို ချပြလိုက်တဲ့ Policies၊ ကိုယ်က Instrument၊ အကောင်အထည်ဖော်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ပဲ၊ အဲဒီတော့ အပေါ်က Policies ချတာ လွဲရင် Accountability (တာဝန်ခံ) က အစိုးရမှာ တာဝန်ရှိတယ်၊ Institution လိုင်းက ချတဲ့ Policy ကို အကောင်အထည်ဖော်တာ လွဲရင် ဝန်ထမ်းမှာ တာဝန်ရှိတယ်။ ဒီတာဝန်နှစ်ခုကို ကိုယ်က နားလည်ဖို့ လိုအပ်တယ်"

"အုပ်ချုပ်ရေးမှာ တာဝန်ယူ၊ တာဝန်ခံမှုစနစ် သိပ်အရေးကြီးတယ်၊ ဒါက နိုင်ငံခြားပညာရှင်တွေက အမျိုးမျိုး ရေးကြတယ်၊ Accountability နှင့် ပတ်သက်ပြီးရေးတာ အဲဒီထဲမှာ အိန္ဒိယနိုင်ငံကထုတ်တဲ့ အင်နီဆာဂျလီဆိုတဲ့ပညာရှင် ထုတ်တဲ့ စာအုပ်တစ်အုပ်ရှိတယ်။ အဲဒီမှာ Accountability က ဌာနက ဘယ်လို၊ ဘယ်လိုရည်ရွယ်ချက်တွေ ချထားသလဲ၊ ဘယ်လို ဥပဒေ ချထားသလဲ၊ အဲဒါကို တာဝန်ခံဖို့ တာဝန်ခံရတဲ့စနစ် အုပ်ချုပ်ရေးသမားတိုင်း တာဝန်ယူရတယ်။ ဒို့မှာ – ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက် ၁၂ ရပ်တို့ ဒါတွေဟာ နိုင်ငံတော်ရဲ့ Mission တွေ ဖြစ်တယ်။ ဌာနဆိုင်ရာအနေနဲ့ နိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ တရားဥပဒေ


mgyoe.com

mgyoe.com SAMPLE BOOK


စိုးမိုးရေး စသည်ဖြင့် ဌာနရဲ့ Mission ဦးတည်ချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ရာ တာဝန်ယူ၊ တာဝန်ခံမှုကို အုပ်ချုပ်ရေးက လုပ်ရတယ်"

"ဒုတိယအချက်က Factual Accountability ပါ၊ နားလည်အောင် ပြောရရင် Financial Policy ဘဏ္ဍာရေး ငွေကြေးစီမံခန့်ခွဲမှုနှင့် ပတ်သက်ပြီးတော့ တာဝန်ယူ၊ တာဝန်ခံမှု ယူရတယ်။ ဥပမာ – မြို့နယ်တစ်ခုအတွက် ဘတ်ဂျက် ချထားပေးတယ်၊ အဲဒီဘက်ဂျက်အတွက် သုံးတဲ့အခါ ဝန်ထမ်းလစာ၊ အထွေထွေ အသုံးစရိတ်၊ ခရီးစရိတ် စသည် အမျိုးမျိုးခွဲပြီး ချပေးထားတယ်၊ အဲဒီအသုံးစရိတ်တွေနဲ့ ပတ်သက်ပြီး ကိုယ်က တာဝန်ယူ၊ တာဝန်ခံပြီးတော့ လုပ်ပေးရတယ်၊ အလွဲသုံးစား မဖြစ်အောင် လုပ်ပေးရတယ်၊ ဝန်ထမ်းတွေရဲ့ Promotion စသည် Prefer ဖြစ်ဖို့အတွက် ဝန်ထမ်းတွေကို တာဝန်ခံရတယ်"

"နောက် Legal Accountability ခေါ်တဲ့ ဥပဒေနှင့်အညီ တာဝန်ယူ၊ တာဝန်ခံရတယ်၊ ဥပမာ – မြေယာအုပ်ချုပ်ရေးလုပ်ငန်း လုပ်မယ် မြေယာဥပဒေနှင့်အညီ တာဝန်ယူ၊ တာဝန်ခံရမယ်၊ ယစ်မျိုးလုပ်ငန်း လုပ်မယ်၊ ဥပဒေနှင့်အညီ တာဝန်ယူ၊ တာဝန်ခံရမယ်။ ဒီလိုဟာတွေက သူ့ဌာန အလိုက် ရှိနေကြတယ်။ အဲဒီတော့ အနိမ့်ဆုံးလုပ်ရမှာက ကိုယ့်ဌာန ကိုယ်လုပ်ကြရမှာမယ့် တာဝန်တွေပါ၊ ဒါက Simple တွေပဲ ဖြစ်တယ်၊ ဒါတွေကို အုပ်ချုပ်ရေးက ဟိုဟာလိုလို၊ ဒီဟာလိုလို ယောင်ချာချာနဲ့ ဘာမှန်းလဲမသိဘူး၊ ဒါတွေက အတွေ့အကြုံနဲ့ စာဖတ်အားများတဲ့အခါကျတော့ ဒါတွေကို လုပ်လို့ရတယ်၊ ခွဲခြားစိတ်ဖြာပြီးတော့ လုပ်လို့ရတယ်" (၈–၁၀–၂၀၂၄)

**မေး။** "ဆရာ တစ်ဆက်တည်း အုပ်ချုပ်ရေးသမားတစ်ယောက်ရဲ့ အရည်အချင်း ပြောပြပါ ဆရာ"

**ဖြေ။** "တို့အုပ်ချုပ်ရေးသင်တန်းကျောင်းမှာ သွားသင်တဲ့အခါ ပထမဆုံး Principle Effective Presentation ကို သင်ပေးတယ်၊ မြို့နယ်တစ်ခုကို

 mgyoe.com

mgyoe.com SAMPLE BOOK


လူကြီးတစ်ယောက် လာလို့ရှိရင် အဲဒီလူကြီးက ဘယ်ဌာနကလဲ ကိုယ်က အရင်လေ့လာရမယ်၊ ဥပမာ – ပြည်ထဲရေးဝန်ကြီးလာမယ် သို့မဟုတ် စိုက်ပျိုးရေးဝန်ကြီး လာမယ်၊ ဘယ်လူကြီးဘယ်ကိုလာမှာလဲ... အရင်လေ့လာထားရမယ်၊ လေ့လာပြီးတော့ အဲဒီလူကြီးရဲ့ စိတ်ဝင်စားသည့်ဟာကို တင်ပြပြောဆိုနိုင်ဖို့က အရေးကြီးတယ်၊ ဒါဟာ Principle Effective Presentation ပါပဲ၊ ဒီတော့ စိုက်ပျိုးရေးဝန်ကြီးလာတာကို အုပ်ချုပ်ရေးအကြောင်းတွေ သွားပြောနေရင် အချိန်မပေးနိုင်ဘူး၊ သူလည်း စိတ်မဝင်စားဘူး၊ အဲဒီတော့ အကျိုးမရှိကြဘူးပေါ့ကွာ"

"နောက်တစ်ခုက သူများ မရှင်းနိုင်တဲ့ကိစ္စတစ်ခုကို ဖြေရှင်းနိုင်တာ အုပ်ချုပ်ရေးပညာပဲ၊ Problems က အများကြီး၊ ကိုယ်က Problems ရှိတဲ့ လူတစ်ယောက်ကို စည်းရုံးရေးသမားလို့ ထိုင်ပြီးတော့ အားရပါးရ ပြောဆိုနေဖို့ အချိန်မရှိဘူး၊ သူက ပြန်ပြန်ထူးရင်၊ ဒိုင်းကနဲ့ ရှင်းလိုက်၊ နောက်တစ်ယောက် ပြန်ထူးရင် ဒိုင်းကနဲ့ ပြန်ရှင်းတတ်ရမယ်၊ ဒီလိုရှင်းနိုင်တဲ့ Clever ကျွမ်းကျင်မှုအတတ်ပညာ လိုတယ်"

"ကိုယ်က မဏ္ဍိုင်ကြီး ၅ ရပ်အကြောင်း သိထားရမယ်၊ အုပ်ချုပ်ရေးအကြောင်းပြောရင် အုပ်ချုပ်ရေးကို နားလည်ရမယ်၊ ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်ရမယ်၊ တရားစီရင်ရေးအကြောင်းပြောရင် တရားဥပဒေနှင့်ပတ်သက်ပြီး Criminal Responsibility နှင့်ပတ်သက်ပြီး ပြောတတ်ရမယ်၊ နောက်ဥပဒေပြုရေးနှင့် ပတ်သက်ပြီးတော့ Legislative Artwork ဥပဒေပြုရေးနှင့်ပတ်သက်တဲ့ အတတ်ပညာကို ကိုယ်က တီးမိခေါက်မိအောင် အဲဒီဟာမျိုးတွေလည်း ပြောတတ်ရမယ်၊ အများပြည်သူနှင့်ပတ်သက်ပြီး Public Relation ပြောတော့မယ်ဆိုရင် ကိုယ်က သတင်းထောက်လို သတင်းဦးကို ရေးတတ်၊ ပြောတတ်တဲ့လူလို ပြောဆိုတတ်ရမယ်၊ ကိုယ်က အတတ်ပညာပေါင်းစုံနေရမယ်၊ အဲဒီတော့ လူကြီးတစ်ယောက်လာရင် အုပ်ချုပ်ရေးသမားခေါင်းကိုင်လိုက်တယ်၊ သူက အားလုံးကို ခြုံငုံပြီးတင်ပြလိုက်ရင် အစည်းအဝေးတစ်ခုလုံး ပြီးပြတ်သွားတာပဲ၊ ဒါကြောင့် ကိုယ်က ကျွမ်းကျင်အောင် အမြဲတမ်း Survey လုပ်ထားကအစ ပြင်ဆင်ရမယ်" (၁၂–၁၀–၁၀၂၄)


mgyoe.com

mgyoe.com SAMPLE BOOK


မေး။ "ဆရာ၊ အုပ်ချုပ်ရေးသမားတစ်ယောက် တတ်မြောက်ထားရမယ့် အရာတွေက များပါတယ်၊ သူ့ရဲ့အလုပ်တာဝန်အကြောင်းလည်း ပြောပေးပါ"

ဖြေ။ "တာဝန်ဆိုတာက ပုဂ္ဂလိကဖြစ်စေ၊ အစိုးရကဖြစ်စေ မရှိမဖြစ်ဝေါဟာရဖြစ်တယ်၊ ဒါကို Frederick Mmosher က ဖွင့်ဆိုထားတာရှိတယ်၊ တာဝန်သည် အုပ်ချုပ်ရေးသမားများအတွက် ကိုယ်ကျင့်သိက္ခာမြင့်မားရေးကို အထောက်အကူပြု၍ ၎င်းတွင် ပုဂ္ဂလိကတာဝန် Subjective Responsibility နှင့် အများနှင့်သက်ဆိုင်သော ဓမ္မဓိဋ္ဌာန်းတာဝန် Objective Responsibility နှစ်ပိုင်း ဖွင့်ဆိုထားတယ်"

"နောက် ကာလီဖိုးနီယားတက္ကသိုလ်ပါမောက္ခ Terry.s.Cooper က အုပ်ချုပ်ရေးသမားတိုင်း ပြဿနာအခက်အခဲတစ်ခု ဆုံးဖြတ်ရန် ဆုံဆည်းလာသည့်အခါတိုင်း မိမိတာဝန်ပိုင်းကို အကောင်အထည်ဖော်ရန်နှင့် တာဝန်အရ ဖြစ်ပေါ်လာသော ကိစ္စအဝဝကို တာဝန်ခံရန် လိုကြောင်း သူ့ရဲ့ Responsible Administration စာအုပ်မှာ ဖော်ပြထားတယ်"

"အဲဒီတော့ အုပ်ချုပ်ရေးသမားတိုင်းဟာ မိမိတာဝန်ကို လိုက်နာအကောင်အထည်ဖော်ခြင်းကို Obligation အဖြစ်လည်းကောင်း၊ ၎င်းတာဝန်ကို လိုက်နာအကောင်အထည်ဖော်ရာက ဖြစ်ပေါ်လာတဲ့ ရလဒ်ကို Accountability ဟူ၍လည်းကောင်း နားလည်ထားရန် လိုအပ်ကြောင်းကို Terry-j- Cooper က ထောက်ပြထားတာဟာ သတိပြုမှတ်သားရမယ့် အချက်လို့ ဆိုရမှာပါ"

"အုပ်ချုပ်ရေးအလုပ်အတွက် စွမ်းရည်မြင့်မားရေးဟာ အရေးကြီးတာမှန်တယ် ဆိုသော်လည်း ရိုးသားမှု၊ မှန်ကန်မှု၊ တရားမျှတမှု၊ လူ့တန်ဖိုးထားမှုလောက် အရေးမကြီးဘူးဆိုတာ အုပ်ချုပ်ရေးသမားတိုင်းက အလေးထားရမယ်"

"အုပ်ချုပ်ရေးမှာ အကောင်အထည်ဖော်မှု၊ တာဝန်ခံမှု Accountability အတွက် ဌာန၊ အဖွဲ့အစည်းများနှင့် အဆင့်လိုက် ပေးအပ်ထားတယ်၊ တာဝန်ခံမှုဟာ အထက်အောက်ဆက်သွယ်မှု လေ့ကျင့်ထားပြီးဖြစ်တယ်၊


mgyoe.com

mgyoe.com SAMPLE BOOK


တာဝန်ဟာ Political Process ဖြစ်တဲ့ အကောင်အထည်ဖော်ရာ အဓိက ဓာတ်ကောင်ဖြစ်တယ်။ အမိန့်ညွှန်ကြားချက်ဟာ တိုသည်၊ ရှည်သည်၊ နည်းသည်၊ များသည်ဖြစ်စေ တာဝန်နှင့် တာဝန်ခံမှုတို့က အခြေခံတယ်"

"အရေးကြီးတာက အုပ်ချုပ်ရေးသမားတွေဟာ နိုင်ငံတော်ရဲ့ မူဝါဒနှင့် ကိုက်ညီသော ဥပဒေ၊ အမိန့်များ ၊ အထက်အကြီးအကဲတွေရဲ့ အမိန့်၊ ညွှန်ကြားချက်များဟာ မူဝါဒ၊ ဥပဒေအမိန့်များနှင့် မဆန့်ကျင်သော် ၎င်းအတိုင်းဆောင်ရွက်ရန် တာဝန်ရှိတယ်၊ တစ်စုံတစ်ရာ လွဲချော်မကိုက်ညီလျှင် အကျိုးအကြောင်းဖော်ပြပြီးတော့ အကောင်အထည်ဖော်၍ မရကြောင်း တင်ပြရတယ်"

"တာဝန်ခံခြင်း Accountability ဆိုတာ မိမိလုပ်ကိုင်သောလုပ်ငန်း အပြုအမူတစ်ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းနိုင်ခြင်း၊ အဖြေပေးခြင်းနှင့် မိမိ ပေးထားသော အဖြေရှင်းလင်းချက်၏ အမှား၊ အမှန်ကို မိမိက တာဝန်ခံခြင်း ဖြစ်တယ်ဆိုတာ သိနေဖို့လိုအပ်ပါတယ်"

"အုပ်ချုပ်ရေးသမားများဟာ ပြည်သူများ၏ လိုအင်ဆန္ဒကို တွက်ဆပြီး သူတို့ရဲ့လိုလားချက်တောင်းဆိုမှုဟာ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက ဆောင်ရွက်ပေးရန် တာဝန်ရှိသည်။ ဒါကို ပြည်သူများကို အသိပေးရမယ်၊ ပြည်သူများအပေါ် တာဝန်ယူ၊ တာဝန်ခံခြင်းဟာ အုပ်ချုပ်ရေးသမားတွေရဲ့ အခြေခံဖြစ်တယ်။ အဲဒီသတိထားရမယ့် အချက်က ပြည်သူများဟာ အာဏာပိုင်ဖြစ်တယ်၊ အုပ်ချုပ်ရေးသမားဟာ လုပ်ငန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာငွေကြေးနှင့် ဥပဒေရေးရာကို တာဝန်ခံရ တယ်၊ အဲဒီတာဝန်ယူမှု အပိုင်းနှစ်ခုဟာ ရှုပ်ထွေးတတ်သဖြင့် အုပ်ချုပ်ရေး သမားတိုင်း ခွဲခြားနားလည်ရန် လိုအပ်တယ်"

"အဓိကအုပ်ချုပ်ရေးသမားတိုင်း အများနှင့်ဆိုင်သော တာဝန် Objective Responsibility ကို ဦးစားပေးရမယ်၊ မိမိပုဂ္ဂလိက တာဝန် Subjective Responsibility ကို ဒုတိယထား ဆောင်ရွက်ရမယ့် တာဝန် ဖြစ်ကြောင်း သိထားရမယ်၊ မမေ့ရဘူး"

"နောက်တစ်ခုပြောရအုံးမယ်၊ သုတေသီတွေက အုပ်ချုပ်ရေးနဲ့


mgyoe.com

mgyoe.com SAMPLE BOOK


စီမံခန့်ခွဲရေးပညာတွေဟာ အင်ဂျင်နီယာပညာကဲ့သို့ ကိုင်တွယ်ပြနိုင်သော Tangible အတတ်ပညာမျိုး မဟုတ်ဘူး၊ ကိုင်တွယ်မပြနိုင်တဲ့ Intangible အတတ်ပညာဖြစ်တယ်။ လုပ်ငန်းရည်မှန်းချက်တစ်ခု အောင်မြင်သည်၊ မအောင်မြင်သည်၊ လုပ်ငန်းအရည်အသွေး ရှိခြင်း၊ မရှိခြင်း၊ စွမ်းဆောင်မှု ကောင်းခြင်း၊ မကောင်းခြင်းတို့နဲ့ အုပ်ချုပ်ရေးအတတ်ပညာကို 'စံ' တန်ဖိုး တိုင်းတာအကဲဖြတ်ကြတယ်၊ ဒါကို (အတတ်ပညာ) အချိန်တိုအတွင်း မရနိုင်ဘူး၊ လေ့လာဆည်းပူးမှု၊ အတွေ့အကြုံနဲ့ ပညာရပ်တို့ကို ကိုယ်က သင်ကြားလေ့လာမှ ရနိုင်တယ်"

"Sir.H.Butter ရေးတာ ရှိတယ်။ အုပ်ချုပ်ရေးအလုပ်ကို ကြာမြင့်စွာ လုပ်ကိုင်ခြင်းဖြင့် မှားယွင်းတတ်သောအရာများ သိနားလည်ခြင်း၊ ရှောင်ရမည့်အမှားများကို ဖယ်ရှားခြင်း၊ အများနှင့် ဆွေးနွေးနှီးနှောတိုင်ပင်ခြင်း၊ ဗဟုသုတများကို လေ့လာဆည်းပူးခြင်းဖြင့်သာ အရည်အချင်းပြည့်ဝသော အတတ်ပညာ ရနိုင်တယ်လို့ သူက သူ့ရဲ့အတွေ့အကြုံကို ရေးသားထားတယ်"

"နောက် အုပ်ချုပ်ရေးသမားတွေရဲ့ အရည်အချင်းက သိ၊ တတ်၊ လေ့ကျင့်တဲ့အခါ အတိုင်းအတာတစ်ခုအထိ ဖြစ်နိုင်ပါတယ်။ အုပ်ချုပ်ရေးဖွံ့ဖြိုးဖို့ဆိုတာက အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် အစိုးရနှင့် ဌာနဆိုင်ရာများ ပြည်သူနှင့် အစိုးရ၊ ဌာနဆိုင်ရာများ ညှိနှိုင်းပေါင်းစပ်ရတယ် Co-ordination၊ ပံ့ပိုးကူညီရတယ် Co-operation တို့ကို တစ်ဖက်က ဆောင်ရွက်ကြရတယ်။ အုပ်ချုပ်ရေးဖွံ့ဖြိုးလာဖို့ လုပ်ငန်းစဉ် (၆) မျိုးကို သုတေသီတွေက ရေးသားကြတယ်"

"အဲဒါတွေက -

(၁) အားမျှပေးခြင်းအလုပ် (Balance)၊
(၂) ကြီးကြပ်ကွပ်ကဲခြင်းအလုပ် (Supervision)၊
(၃) သဘာဝယုတ္တိမှန်ကန်သောအလုပ် (Reality)၊
(၄) အချိုးကျတိုးတက်မှုနှင့် အစဉ်ချောမွေ့စေသော အမြင်ဖြစ်သော အလုပ် (Sense of proportion and perception)၊


mgyoe.com

mgyoe.com SAMPLE BOOK 

(၅) စည်လုံးညီညွတ်မှုအတွက် ပေါင်းစပ်ညှိနှိုင်းခြင်းအလုပ် (Sense of unity and co-ordination)

(၆) အချိန်ကာလနှင့် လိုက်လျောညီထွေရှိအောင် ကျင့်သုံးသောအလုပ် (Sense of Propriety) တို့ ဖြစ်တယ် "

"ဒါတွေကို လက်တွေ့လုပ်ကြလေ အုပ်ချုပ်ရေးဖွံ့ဖြိုးတိုးတက်လေ ပါပဲလို့ မှတ်သားဆောင်ရွက်ကြရမယ်၊ ကဲ... အုပ်ချုပ်ရေးအကြောင်း၊ အုပ်ချုပ်ရေးသမားအရည်အချင်း၊ တာဝန်တွေကို ပြောရတာ အားတော့ မရဘူး၊ သိပ်ကျယ်ပြန့်တာ မောင်ရင်တို့လည်း စာဖတ်လေ့လာကြလေ ပိုသိလေပေါ့ကွာ၊ ဒီနေ့တော့ ဒီလောက်ပေါ့ကွာ" (၂၀-၁၀-၂၀၂၄ )

မေး။ "ဟုတ်ကဲ့ပါဆရာ၊ ဗဟုသုတ အများကြီးရပါတယ်၊ အုပ်ချုပ်ရေး ကောင်းဆိုတာလည်း ပြောပြပေးပါအုံး ဆရာ"

ဖြေ။ "အုပ်ချုပ်ရေးဟာ အသစ်အဆန်းတစ်ခုမဟုတ်ဘူး။ လူ့ယဉ်ကျေးမှု ထွန်းကားလာခြင်းနှင့်အတူ ရှိခဲ့တယ်။ အစိုးရနှင့် ပြည်သူရေးရာအဖွဲ့အစည်း များရဲ့ ဆုံးဖြတ်ချက်ဖြစ်စဉ်နှင့် အကောင်အထည်ဖော်မှုကို ရည်ညွှန်းခြင်းသာ ဖြစ်တယ်။ ယနေ့ ကမ္ဘာမှာ နိုင်ငံတကာအုပ်ချုပ်မှုနှင့် အဖွဲ့အစည်းဆိုင်ရာ အုပ်ချုပ်မှုတို့ ဖြစ်တယ်။ ယခုရှေ့ရိုးအုပ်ချုပ်မှုမျိုး မဟုတ်တော့ဘဲ လှုပ်ရှား ပါဝင်ဆောင်ရွက်သူများစွာနှင့် အခြေခံဆက်သွယ်လုပ်ကိုင်ရမယ့်ဖြစ်စဉ်များ အဖြစ် ပြောင်းလဲလာကြတာကို တွေ့ရတယ်။ ဒါဟာ အုပ်ချုပ်မှုအလုပ်မှ အုပ်ချုပ်မှုကောင်းတဲ့အလုပ်သို့ ရွေ့လာကြတယ်လို ဆိုကြတယ်"

"အုပ်ချုပ်မှုကောင်းတဲ့ လက္ခဏာတွေကို ကြည့်တဲ့အခါ -

- အုပ်ချုပ်မှုသည် သီးခြားဥပဒေစနစ်တစ်ခု၊ ဝါဒတစ်ခုမဟုတ်သလို လှုပ်ရှားလုပ်ကိုင်ဆောင်ရွက်မှုလည်း မဟုတ်ဘူး။ အလုပ်ဖြစ်စဉ် တစ်ခုသာ ဖြစ်တယ်။
- အုပ်ချုပ်မှုဟာ အုတ်မြစ်ချပြီး သီးခြားနယ်တစ်ခုအဖြစ် ထူထောင် လုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ အများနှင့်အတူ အခြေချ ပူးပေါင်း

 mgyoe.com

လုပ်ကိုင်ခြင်းသာ ဖြစ်တယ်။

- အုပ်ချုပ်မှုဟာ အစိုးရရော ပုဂ္ဂလိကနှင့် ပြည်သူပါ တစ်ချိန်တည်း ဇာတ်ဆောင်များအဖြစ် ပါဝင်တယ်။
- အုပ်ချုပ်မှုဟာ တရားဝင်ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းအဖြစ် လုပ်ကိုင်ခြင်းမျိုး မဟုတ်သော်လည်း လုပ်ငန်းစဉ်ဆက်မပျက် လုပ်ရတဲ့ အလုပ်မျိုး ဖြစ်တယ်"

"အုပ်ချုပ်မှုကောင်းတဲ့ သွင်ပြင်လက္ခဏာများ (Characteristics of Good Governance) အနေနဲ့ နိုင်ငံတကာက လက်ခံထားကြတဲ့ အချက်တွေက –

(က) ပြည်သူများ ပါဝင်လုပ်ဆောင်ခြင်း (Participation)
(ခ) တရားဥပဒေ စိုးမိုးခြင်း (Rule and Law)
(ဂ) မြင်သာထင်သာ ရှိခြင်း (Transparency)
(ဃ) တာဝန်ယူ၊ တာဝန်ခံခြင်း (Accountability)
(င) အများဆန္ဒ မဏ္ဍိုင်ပြုခြင်း (Consensus Oriented)
(စ) တန်းတူညီမျှမှုနှင့် ပါဝင်ဆောင်ရွက်ခြင်း (Equity and Inclusiveness)
(ဆ) တာဝန်သိဖြင့် တုန့်ပြန်ဆောင်ရွက်ခြင်း (Responsiveness)
(ဇ) စွမ်းရည်ရှိခြင်းနှင့် ထိရောက်မှုရှိခြင်း (Efficiency and Effectiveness) တို့ ဖြစ်ကြတယ်၊ အသေးစိတ်လေ့လာချင်ရင် ဦးကျော် (အောင်မြတ်ကျော်) ၏ နိုင်ငံတကာပြည်သူ့အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုလေ့လာခြင်း၊ ၂၀၀၇ ခုနှစ်က ထုတ်တဲ့စာအုပ်မှာ ဆက်လက်လေ့လာနိုင်ပါတယ်။ (၁၅–၁၁–၂၀၂၄)

**မေး။** "အုပ်ချုပ်ရေးသမားတစ်ဦး၏ တာဝန်ရှိမှုအကြောင်းလည်း ပြောပြပါ ဆရာ"

**ဖြေ။** "အုပ်ချုပ်ရေးမှာ လုပ်ငန်းများစီမံခန့်ခွဲရေးအတွက် ကျင့်စဉ်ဖွံ့ဖြိုး


mgyee.com

mgyoe.com SAMPLE BOOK 

လာရေးအတွက် အဓိကအချက်က တာဝန်ရှိမှုဖြစ်တယ်၊ တာဝန်ရှိမှုဆိုတဲ့ စကားလုံးဟာ စီမံရေးရာနဲ့ဆိုင်တဲ့စကားလုံးတွေမှာ အများနဲ့ဖြစ်စေ၊ တစ်ဦး တစ်ယောက်အတွက်ဖြစ်စေ တော်တော်အရေးပါတဲ့ စကားလုံးအဖြစ် ပါလိမ့် မယ်လို့ Frederick Mosher 1968 က ဆိုထားတယ်။ သူဆိုတဲ့အချက် ၂ ချက်က လက်တွေ့တာဝန်ရှိလာမှုနှင့် ရည်မှန်းချက်အရ တာဝန်ရှိလာမှုတို့ ဖြစ်ကြတယ်"

"လက်တွေ့တာဝန်ရှိလာမှုသည် မိမိဌာန၏ အဓိကတာဝန်များ ရှိကြသည့်အပြင် ဌာနချင်းဆက်စပ်ကြသည့် လုပ်ငန်းများနှင့် အကြောင်း အမျိုးမျိုးကြောင့် ဖြစ်ပေါ်ပတ်သက်သည့်လုပ်ငန်းများနှင့် သဘာဝဘေး အန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် လုပ်ငန်းများသည် လက်တွေ့ဖြစ်နေ သည့်အတွက် တာဝန်ရှိလာခြင်း ဖြစ်တယ်လို့ ဆိုထားတယ်၊ ဥပမာ – အဝေးပြေးလမ်းမပေါ် ကားများပိတ်ဆို့နေမှုက သက်ဆိုင်ရာဌာနက ဖြေရှင်း ပေးရမယ်၊ မီးလောင်မှု မီးသတ်ဌာန၊ လုယက်မှု ရဲဌာနက စသဖြင့် လက်တွေ့ တာဝန်ရှိလာမှုတွေ ဖြစ်ကြတယ်"

"နောက် ရည်မှန်းချက်အရ တာဝန်ရှိလာမှုမှာ တာဝန်ရှိမှု (၂) ပိုင်း ရှိတယ်၊ တာဝန်ယူမှုနှင့် တာဝန်ရှိစေအောင် ဖန်တီးထားမှုတို့ဖြစ်တယ်၊ ရည်မှန်းချက်တာဝန်ရှိသူအားလုံးမှာ တစ်ဦးတစ်ယောက်က တာဝန်ယူရ သည့် သဘောတော့ ပါတယ်၊ တိကျတဲ့ လုပ်ငန်းဖြစ်စေ၊ လက်အောက်ခံ ဝန်ထမ်းတို့အတွက်ဖြစ်စေ၊ ရည်မှန်းချက် အောင်မြင်ရန်အတွက်ဖြစ်စေ၊ တာဝန်ရှိမှုများ ဖြစ်တယ်။ တာဝန်ရယူမှုက ပထမပိုင်း၊ တာဝန်ရှိစေမှုက ဒုတိယပိုင်း ဖြစ်တယ် ၊ တစ်ဦးတစ်ယောက်ကို တစ်ခုခုအတွက် တာဝန်ရှိ လာစေပါသည် ဆိုရာမှာ စီမံရေးရာ ရည်မှန်းချက်အရ တာဝန်ရှိလာစေမှု ဖြစ်ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးသမားတစ်ဦး၏ တာဝန်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးသင်ယူရင် လက်တွေ့မှာ အကောင် အထည်ဖော် ဆောင်ရွက်ကြရမယ်" (၁၃–၁၂–၂၀၂၄ )

**မေး။** "ဆရာ၊ အုပ်ချုပ်ရေးအလုပ် လုပ်ကြရာမှာ ခေါင်းဆောင်နဲ့ ခေါင်း


mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်မှုဆိုတာ ရှိပါတယ်ဆရာ၊ သိနားလည်အောင် ရှင်းပြပေးပါ ဆရာ"

ဖြေ။ "အုပ်ချုပ်ရေးအလုပ် လုပ်ကြရာမှာ ပြည်သူများအတွက် ခေါင်းဆောင်ကောင်း လိုအပ်တယ်၊ ခေါင်းဆောင်တစ်ဦးရဲ့ ကျင့်ဝတ်အနေနဲ့ မြန်မာစာပေထဲမှာ လိုရင်းတိုရှင်း ဖော်ပြထားတယ်၊ မဃဒေဝလင်္ကာ – ၃၀၈ မှာက 'ကျောက်တောင်လက္ခဏာပမာအလား၊ တည်သောအားဖြင့် လေးပါးဂတိ၊ စိုးစီလိုက်ထွေ မရှိလေနှင့်' ဟု ဖွင့်ဆိုထားတယ်"

"ခေါင်းဆောင်နှင့် ခေါင်းဆောင်မှုကို မွေးရာပါ လက္ခဏာအစုတစ်စုအဖြစ်သို့ မလျှော့ချနိုင်ကြောင်း ရာစုနှစ်ဝက်ကျော် ကြာမြင့်သောသုတေသနပြု ပြဆိုခဲ့တယ်၊ အဲဒီအများစုသည် သူတို့၏ သီးခြားခေါင်းဆောင်ပါရမီကို ပျိုးထောင်နိုင်ကြတယ်၊ သုတေသီများ၏ အခြားလေ့လာချက်အရ ခေါင်းဆောင်ဖြစ်နိုင်သော နည်းလမ်းများအနက် နည်းလမ်း သုံးသွယ်ရှိကြတယ်။ ခေါင်းဆောင်ဖြစ်ရခြင်း၏ အကြောင်းများက (Sources of Leader) ပါဝင်ကြောင်း တွေ့ရတယ်၊ အဲဒါတွေက –

မိမိပင်ကိုယ်အားဖြင့် ကိုယ့်ဒူးကိုယ်ချွန်နည်းဖြင့် ဖြစ်ပေါ်ရသောခေါင်းဆောင် (Constituted Leader)၊ အထက်အာဏာပိုင် ခန့်အပ်သောနည်းဖြင့် ဖြစ်ပေါ်လာရသော ခေါင်းဆောင် (Appointed Leader) နှင့် အရွေးချယ်ခံ သို့မဟုတ် အဖွဲ့အစည်းမှ တင်မြှောက်သောနည်းဖြင့် ဖြစ်ရသော ခေါင်းဆောင် (Elected Leader) တွေ ဖြစ်ကြတယ်"

"အဲဒီ နည်းသုံးနည်းအနက် ပြည်သူရေးရာ အဖွဲ့အစည်းများ၏ ခေါင်းဆောင် (Public Leader) များဟာ အထက်အာဏာပိုင်ကခန့်အပ်တဲ့ နည်းနဲ့ ဖြစ်လာတဲ့ခေါင်းဆောင် (Appointed Leader) တစ်နည်းပြောရရင် ရာထူးအဆင့်အတန်းရသောခေါင်းဆောင် (Status Leader) တွေ ဖြစ်ကြတယ်၊ ဥပမာ – ထွေအုပ်ပေါ့ကွာ၊ အဲဒီခေါင်းဆောင်တွေဟာ ယေဘုယျအားဖြင့် ခေါင်းဆောင်များရဲ့ အမူအကျင့်များ ရှိနေရမည့်အပြင် ပြည်သူရေးရာ အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ကျင့်သုံးဆောင်ရွက်နိုင်ရမယ်"


mgyoe.com

mgyoe.com SAMPLE BOOK

"တာဝန်အရ ရရှိလာတဲ့ ခေါင်းဆောင်ဟာ ပြည်သူ့ရေးရာ လုပ်ငန်းများမှာ အံ့ဝင်ဂွင်ကျရှိနေနိုင်သော အမူအကျင့် ရှိနေရမယ်လို့ ဆိုလိုတာပါ"

"အဲဒီခေါင်းဆောင်ရဲ့ တာဝန် သိမှု၊ ရှိမှုအနေနဲ့ ပြောရရင်–

၁။ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးဆိုင်ရာ ဦးတည်သောတာဝန်ပိုင်း (Political Trend and Responsibility )၊

၂။ ပြည်သူ့ရေးရာအဖွဲ့အစည်းများ၏ ဦးတည်သော တာဝန်ပိုင်း (Institutional Responsibility)၊

၃။ ကျွမ်းကျင်မှုဆိုင်ရာတာဝန်ပိုင်း (Professional Responsibility )

တို့ဖြင့် တာဝန် (၃)ပိုင်း ခွဲခြားထားတာကို တွေ့ရမယ်"

"အဲဒီတာဝန်ပိုင်းများကို ပြည်သူ့ခေါင်းဆောင် (Public Leader) များက –

၁။ နိုင်ငံရေးချဉ်းကပ်ပုံနည်းလမ်း ( Political Outlook )

၂။ စီမံခန့်ခွဲရေးချဉ်းကပ်ပုံနည်းလမ်း (Managerial Approach or Outlook)

၃။ ဥပဒေချဉ်းကပ်ပုံနည်းလမ်း ( Legal Approach or Outlook)

အဲဒီအပြင် ပုဂ္ဂိုလ်အချင်းချင်း ဆက်ဆံမှုနည်းလမ်းများဖြင့် လုပ်ကြရန် လိုအပ်တယ်"

"ခေါင်းဆောင်နှင့် ခေါင်းဆောင်မှုများအနက် (Appointed Leader) နှင့် (Elected or Selected Leader) တို့သည် ပြည်သူ့ရေးရာ လုပ်ငန်းများတွင် ပြည်သူ့ရေးရာခေါင်းဆောင်အဖြစ် ဆောင်ရွက်ကြရမှာဖြစ်ပြီး အဲဒီအခန်းကဏ္ဍဟာ အလွန်အရေးကြီးနေရာဖြစ်ကြောင်း အလေးထား မှတ်သားထားရမယ်"

"နောက်ဆုံးပြောချင်တာက သုတေသီ Kathryn Denhardt က ပြည်သူ့ရေးရာခေါင်းဆောင်များ၏ ရိုးသားခြင်း၊ အျပြုသဘောဆောင်သော စိတ်ကောင်း၊ နှလုံးကောင်းရှိခြင်း (Benevolence)၊ တရားမျှတခြင်းနှင့် သာတူညီမျှခြင်း (Fairness and Justic) တို့အပေါ် အခြေခံ၍ အနှစ်သာရ


mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုးအဖြစ် ရှုမြင်သုံးသပ်သင့်ကြောင်း မှတ်ချက်ပြုထားတာကို တွေ့ရတယ်၊ အဲဒါတွေက ခေါင်းဆောင်နှင့် ခေါင်းဆောင်မှုတွေရဲ့ အဓိကအချက်တွေပါပဲ၊ ဒါပေမဲ့ ဒီထက်များစွာ ရှိနိုင်သေးတယ်ဆိုတာကိုတော့ သိနေရမယ်"

"ဟုတ်ကဲ့ပါဆရာ၊ ခေါင်းဆောင်နဲ့ ခေါင်းဆောင်မှုဟာ အရေးကြီးကြောင်း သိရပါတယ် ဆရာ" ( ၇-၁-၂၀၂၅ )

မေး။ "ဆရာ အုပ်ချုပ်ရေးမှူးတစ်ယောက်ဟာ လုပ်ငန်းခွင်မှာ ပြည်သူနှင့် ထိတွေ့တဲ့အခါမယ် လက်ကိုင်ကျင့်သုံးရမယ့် အုပ်ချုပ်ရေးစရဏတရားနှင့် ကျင့်ဝတ်အကြောင်းလည်း ရှင်းပြပါ ဆရာ"

ဖြေ။ "အုပ်ချုပ်ရေးအကြောင်း အကြမ်းဖျင်းသိကြပြီဆိုတော့ စရဏတရား ဆိုတာကို သိဖို့လိုလာတယ်၊ ဗုဒ္ဓဘာသာမှာ စရဏ (၁၅) ပါး ရှိတယ်၊ အဲဒါတွေက အတိုကောက်အားဖြင့် 'သီယ၊ ဣန်ယ၊ ဘောယ၊ ဇာ၊ သဒ်ယ ဈာန်ဖြား၊ မှတ်ပါ စရဏ' တဲ့၊ ရှင်းပြရရင် 'သီ' က သီလ စောင့်ထိန်းတာ၊ 'ဣန်' က ဣန္ဒြိယသံဝရသီလ ဣန္ဒြေစောင့်ထိန်းတာ၊ 'ဘော' က အစာစားသောက်ရာမှာ ကျင့်ရမယ့်ကျင့်ဝတ်ပါ၊ 'ဇာ' က ဇာဂရိယာနုယောဂ (နေ့အခါ၌ အိပ်ခြင်းမရှိ၊ ညအခါ ဤလည်း ညဉ့်သုံးယာမ်တွင် တစ်ယာမ်မျှ အိပ်၍ တရားကို အားထုတ်မှု)၊ 'သဒ်' က သဒ္ဒါ၊ သတိ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ (သူတော်ကောင်း ၇ ပါး) နဲ့ 'ဈာန်' ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် (ရူပဈာန် ၄ ပါး) ပေါင်း ၁၅ ပါး၊ အဲဒီထဲက ဈာန် ၄ ပါး လျှော့လိုက်ပါက ၁၁ ပါး ကျန်မယ်၊ အဲဒါတွေက ကျင့်သုံးကြရမယ့် စရဏတရားတွေလို့ မှတ်သားကြရမယ်"

"ပြည်သူ့အုပ်ချုပ်ရေးနယ်ပယ်မှာ အုပ်ချုပ်ရေးကျင့်ဝတ် စရဏတရားများအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုရန် တကယ်မလွယ်ကြောင်းကို Illinois Spring Field တက္ကသိုလ်မှ ပညာရှင် Marie Bruce က သူ့ရဲ့ Administrative Morality သုတေသန စာတမ်းတစ်စောင်တွင် ရေးသားထားတယ်၊


mgyoe.com

mgyoe.com SAMPLE BOOK

သူ့စာတမ်းမှာ အုပ်ချုပ်ရေးနှင့် ကျင့်ဝတ် စရဏတရားကို နှစ်ပိုင်းခွဲ သုတေသနပြုခဲ့တယ် "

သုတေသီ Bruce က ကျင့်ဝတ်သိက္ခာ သို့မဟုတ် စရဏတရားကို ရည်ညွှန်းခြင်းမှာ မိမိတို့တစ်ဦးချင်း လုပ်ကိုင်ကျင့်ကြံရမယ့် စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားအပြင် ရုပ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်အပြုအမူလည်း ပါဝင်တယ်၊ ပြောရရင် လူပုဂ္ဂိုလ်ပိုင်းနဲ့ လုပ်ဆောင်တဲ့ အပြုအမူအားလုံးနဲ့ သက်ဆိုင်တယ်၊ အမှားအမှန်ကို ခွဲခြားနားလည်မယ်၊ အများစီးပွားကို ဘက်စုံမျှတအောင် ဆောင်ရွက်တတ်ရမယ်၊ အစိုးရနဲ့ ပြည်သူအကျိုးစီးပွားကို မိမိအကျိုးစီးပွားထက် ဦးစားပေးလုပ်ကိုင်တတ်ရမယ် စတဲ့ အင်္ဂါရပ်တွေ ပါဝင်တယ်၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ အဖွဲ့အတွင်း အမြဲတေခွန်အားများဟာ သူ့ကိုအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့် (အာဏာ) နှင့် ဥပဒေများကို တန်ဖိုးထားပြီး တွေ့ကြုံရတဲ့ အခက်အခဲပြဿနာများကို ဖြေရှင်းလေ့ရှိကြောင်း သူရဲ့ စာတမ်းမှာ ဖော်ပြထားတာ တွေ့ရတယ်"

"အုပ်ချုပ်ရေးကျင့်ဝတ်ဟာ ခေတ်သစ်ကျယ်ပြန့်သော လူ့အဖွဲ့အစည်း၏ လူမှုရေးယဉ်ကျေးမှုတို့နဲ့ ဆက်နွယ်နေတယ်၊ အုပ်ချုပ်ရေးသမားများဟာ အုပ်ချုပ်ရေးကျင့်ဝတ်ဆိုင်ရာ အခြေအနေများကို ယထာဘူတကျကျ ကျင့်သုံးမယ်ဆိုပါက လူ့အဖွဲ့အစည်း၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရှင်သန်မှုတို့နဲ့ ကင်းလွတ်ရန် မဖြစ်နိုင်ဘူး၊ အဲဒီအခြေအနေများကို ဝိသေသလက္ခဏာများတဲ့အတွက် အစဉ်အလာများကိုလေ့လာပြီး သဟဇာတဖြစ်အောင် ကျင့်သုံးဖို့လိုမယ် "

"သုတေသီ John Rohr က အုပ်ချုပ်ရေးကျင့်ဝတ် စရဏတရားဟာ အုပ်ချုပ်ရေးသမားများရဲ့ အဓိကအလုပ်လို့ ခံယူပြီးတော့ နိုင်ငံတစ်နိုင်ငံ၏ အခြေခံကျတဲ့ နိုင်ငံရေးလမ်းညွှန်ချက်ဖြစ်ကြောင်း မှတ်ယူရမယ်တဲ့၊ ကျင့်ဝတ်သိက္ခာကို တန်ဖိုးမထားပါက တွေ့ကြုံရတဲ့ အုပ်ချုပ်မှုဆိုင်ရာ ပြဿနာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး၊ အဲဒီကျင့်ဝတ် စရဏတရားမရှိဘဲ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ မည်သို့ပင် လုပ်ကိုင်ဆောင်ရွက်စေကာမူ အကျိုးအများနိုင်ဘဲ ပြည်သူများရဲ့ ယုံကြည်မှုကို ရနိုင်မှာမဟုတ်


mgyoe.com

mgyoe.com  SAMPLE BOOK

ကြောင်း သုံးသပ်တင်ပြချက်မှာ တွေ့ရတယ် ”

“အုပ်ချုပ်ရေးမှူးတစ်ယောက်ဟာ လုပ်ငန်းခွင်မှာ ပြည်သူနှင့် ထိတွေ့တဲ့အခါဝယ် လက်ကိုင်ကျင့်သုံးရမယ့် အုပ်ချုပ်ရေး စရဏတရားနှင့် ကျင့်ဝတ်အကြောင်းနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးဆိုင်ရာ ပြည်သူ့ဝန်ထမ်းများ ဟာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ချမှတ်ထားတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားရမယ် –

နိုင်ငံတော်မူဝါဒလိုက်နာရေး (Policy)

အခြေခံသဘောတရားနှင့် ကိုက်ညီရေး (Principle)

လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်ရေး (Procedure) တို့ ဖြစ်တယ်”

“နောက် တစ်ဦးချင်းနှင့် အဖွဲ့အစည်းအလိုက် စံ (၅) ရပ် ဖြစ်တဲ့ ၁။ စိတ်ဓာတ်ကောင်းမွန်မှု၊ ၂။ စည်းကမ်းကောင်းမွန်မှု၊ ၃။ သစ္စာစောင့်သိမှု၊ ၄။ စည်းလုံးညီးညွတ်မှု၊ ၅။ လုပ်ငန်းစွမ်းရည်ပြည့်ဝမှု၊ တန်ဖိုး (၆) ရပ်ဖြစ်တဲ့ ၁။ ထိရောက်မှုနှင့် စွမ်းရည်ပြည့်ဝမှု၊ ၂။ ပွင့်လင်းမြင်သာမှု၊ ၃။ တာဝန်ယူ တာဝန်ခံမှု၊ ၄။ ပြည်သူလူထု ယုံကြည်အားပေးမှု၊ ၅။ တန်းတူညီမျှ အားလုံး ပါဝင်မှု၊ ၆။ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေမှုတို့ ဖြစ်ကြတယ်”

“ယုံကြည်မှုအပိုင်းမှာ အုပ်ချုပ်ရေးဝန်ထမ်းတွေက အများပြည်သူရဲ့ ယုံကြည်မှုကို တည်ဆောက်ကြရမယ်၊ ၁။ ရိုးရိုးသားသား နေထိုင်ကျင့်ကြံပါ၊ ၂။ မှန်မှန်ကန်ကန် ပြောဆိုပါ၊ ၃။ ပြည်သူများနှင့် ပြေပြေပြစ်ပြစ် ယဉ်ယဉ် ကျေးကျေး ဆက်ဆံပါ၊ ၄။ ပွင့်လင်းမြင်သာစွာ ပြုမူလုပ်ကိုင်ပါ၊ ၅။ မရိုး သားသော ထိမ်ချန်မှုနှင့် မလိုလားအပ်သော လျှို့ဝှက်ဆွေးနွေးတိုင်ပင်မှုများ မလုပ်ပါနှင့်၊ ၆။ ယုံကြည်မှုကို တိုးချဲ့လက်ဆင့်ကမ်းပါ၊ ၇။ အများပြည်သူ များ၏ အကျိုးစီးပွားနှင့် တန်ဖိုးထားမှုကို အကာအကွယ်ပေးပါတို့ ဖြစ်ကြ တယ်”

“နိုင်ငံတော်နှင့် ပြည်သူကို တန်ဖိုးထားရမယ့်အပိုင်းမှာ ၁။ နိုင်ငံ တော်က သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများအပေါ် လေးစား လိုက်နာတန်ဖိုးထားပါ၊ ၂။ ပြည်သူတစ်ဦးချင်းအပေါ် ခွဲခြားဆက်ဆံမှု မထားဘဲ တန်ဖိုးထားပါ၊ ၃။ မိမိပါဝင်လုပ်ကိုင်နေသော အဖွဲ့အစည်းများနှင့်

 mgyoe.com

ဆက်စပ်အဖွဲ့အစည်းများအပေါ် တန်ဖိုးထားပါ၊ ၄။ အများပြည်သူ၏ အကျိုးစီးပွားအပေါ် တန်ဖိုးထားပါ၊ ၅။ မိမိလုပ်ကိုင်နေသော ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းမှု ပညာရပ်များအပေါ် တန်ဖိုးထားပါတို့ ဖြစ်တယ်"

"လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်သိက္ခာစောင့်ထိန်းရေးအပိုင်းမှာ ၁။ အများပြည်သူများကို ဥပဒေဘောင်အတွင်းမှ အလုပ်အကျွေးပြုပါ၊ ၂။ မိမိနှင့် အများပြည်သူတို့၏ စွမ်းရည်ကို အလေးထားပါ၊ ၃။ မိမိအဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းတစ်ဦးချင်းစီ၏ အစွမ်းအစကို ဖော်ထုတ်နိုင်ရန် အထောက်အကူပြုပါ၊ ၄။ မိမိအဖွဲ့အစည်းများက ချမှတ်ထားသော စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာမည့် စည်းကမ်းချက်များအပေါ် လိုက်နာမှုစံနှုန်း မြင့်မားအောင် လေ့ကျင့်ဆောင်ရွက်ပါ၊ ၅။ မိမိအဖွဲ့အစည်း တိုးတက်အောင်မြင်စေရန်အတွက် ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်နှံ့စပ်မှု အဆင့်မြင့်မားလာရန် အစဉ်ကြိုးစားပါ၊ ၆။ အဂတိကင်းရှင်းစွာဖြင့် တရားမျှတစွာ ပြုမူဆောင်ရွက်ပါ၊ ၇။ အများပြည်သူနှင့် မိမိအုပ်ချုပ်ရသည့် အဖွဲ့အစည်းအနေဖြင့် ဝန်ထမ်းများအပေါ် ကျောသားရင်သား မခွဲခြားဘဲ တရားမျှတစွာ စီမံဆောင်ရွက်ပါတို့ ဖြစ်တယ်"

"နောက်ဆုံးအနေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတိုင်းအပေါ်မှာ ၁။ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများသည် ဥပဒေနှင့်ညီညွတ်၍ အများပြည်သူနှင့် အကျုံးဝင်သက်ဆိုင်ပါစေ၊ ၂။ ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူကို အသိပေးလုပ်ဆောင်ပါ၊ ၃။ အများပြည်သူကို ပါဝင်လုပ်ဆောင်ရန် ဖိတ်ခေါ်ပါ၊ ၄။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား၊ မူဝါဒနှင့်အညီ ခိုင်ခိုင်မာမာ ရပ်တည်၊ အင်တိုက်အားတိုက် ဆောင်ရွက်ပါ၊ ၅။ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းဆောင်တာအဝဝကို ဆောင်ရွက်ရာတွင် မိသားစုစိတ်ဓာတ်ကို အရင်းခံ၍ အတတ်နိုင်ဆုံး ဖေးမကူညီဆောင်ရွက်ပါ၊ ၆။ အများပြည်သူများ၏ အကျိုးစီးပွားကို ဦးထိပ်ထားပါတို့ ဖြစ်ကြတယ် "

"ကဲ... ပြောရတာလည်း များသွားပြီ၊ အုပ်ချုပ်ရေး စရဏတရားနှင့် ကျင့်ဝတ်အကြောင်းမှာ အကျင့်သိက္ခာဆိုတာ ကောင်းမြတ်တဲ့ ကိုယ်ကျင့်



mgyoe.com

SAMPLE BOOK

တရားပဲ ဖြစ်တယ်၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများအနေနဲ့ မိမိစောင့်ထိန်းရမယ့် ကျင့်ဝတ်ကို ကောင်းစွာနားလည်ပြီး လိုက်နာကျင့်သုံးသွားကြမယ်ဆိုရင် နိုင်ငံတော်အတွက် အားထားရတဲ့ ဝန်ထမ်းကောင်းတွေ ဖြစ်ကြမှာ သေချာလှပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ" (၃-၅-၂၀၂၅)


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
## အုပ်ချုပ်ရေးနှင့် နိုင်ငံတော်

### (၁) အုပ်ချုပ်ရေး

အုပ်ချုပ်ရေးသည် အလုပ်၏ ရည်မှန်းချက်ပန်းတိုင်ရရှိရေးအတွက် စီမံကိန်းရေးဆွဲခြင်း၊ ဆုံးဖြတ်ချက်ချမှတ် အကောင်အထည်ဖော်ခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ တည်ထောင်ခြင်း၊ ဝန်ထမ်းလုပ်သားများကို ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်းဟူ၍လည်းကောင်း ပညာရှင် Corson and Harris တို့က အစိုးရဆောင်ရွက်မှု အစိတ်အပိုင်းတစ်ရပ်ကို အုပ်ချုပ်ရေး ဟူ၍လည်းကောင်း သတ်မှတ်ဖော်ပြထားသည်။ တစ်နည်းအားဖြင့် အုပ်ချုပ်ရေးသည် အခြေခံအားဖြင့် အစိုးရ၏ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းသည် ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုင်ရာကဏ္ဍနှင့် ကွဲပြားခြားနားပါသည်။ ၎င်းတွင် –

(က) နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်ခြင်း။

(ခ) အဖွဲ့အစည်းဆိုင်ရာ သီအိုရီနှင့် အစိုးရအဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း။



mgyoe.com

mgyoe.com SAMPLE BOOK


(ဂ) အုပ်ချုပ်ရေး လုပ်ငန်းစဉ်များ ဖြစ်သော စီမံကိန်း ချမှတ်ခြင်း၊ ဆုံးဖြတ်ချက်ဖြစ်စဉ်များ လုပ်ကိုင်ခြင်းနှင့် လုပ်ငန်းများ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာငွေကြေး ထိန်းချုပ်လုပ်ငန်း ကွပ်ကဲခြင်း။

(င) ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများနှင့် ဝန်ထမ်းရေးဆိုင်ရာကိစ္စများ၊ ပြဿနာများ ဖြေရှင်းဆောင်ရွက်ပေးခြင်း။

(စ) ဗဟိုအစိုးရကိုယ်စား ဆောင်ရွက်သော ဒေသန္တရအာဏာပိုင်များနှင့် ဘုတ်ကော်ပိုရေးရှင်းဆိုင်ရာ လုပ်ငန်းများနှင့် ဘုတ်ကော်ပိုရေးရှင်းဆိုင်ရာ လုပ်ငန်းများ စီမံခန့်ခွဲ အုပ်ချုပ်ခြင်း။

## (၂) နိုင်ငံတော်

နိုင်ငံတော်ဆိုသည်မှာ လူတိုင်းနှင့် ခွဲခွာ၍မရအောင် ဖွဲ့စည်းထားသည့် အဆောက်အအုံဖြစ်ပြီး နိုင်ငံသားတိုင်းက နိုးကြားတက်ကြွစွာ နိုင်ငံတော်အရေး ပါဝင်ဆောင်ရွက်ကြရမည်ဟု ရှေးဂရိခေတ်က တွေးခေါ်ပညာရှင်များ၏ အယူအဆများက ဆိုကြပါသည်။

ရှေးဂရိတွေးခေါ်ရှင်များ ရှုမြင်ခဲ့သော နိုင်ငံတော်မှာ နိုင်ငံတော်နှင့် ပတ်သက်၍ အစောဆုံး ရှုမြင်ခဲ့သူမှာ ပိုက်သာဂိုလ်ရပ် Pythagoras (580-500 BC) ဂိုဏ်းသားများ ဖြစ်ကြသည်။ သူတို့က ပုဂ္ဂလိက လူသားတစ်ဦးစီသည် မိမိကိုယ်မိမိ နိုင်ငံတော်၏ လက်အောက်ခံအဖြစ် ထားရှိသင့်ပြီး နိုင်ငံတော်ကောင်းကျိုးအတွက် အစဉ်အမြဲ ပြုမူဆောင်ရွက်သင့်သည်ဟု သင်ကြားခဲ့ကြသည်။ ထို့ပြင် အာဏာပိုင်တို့ကို လေးစားရန်၊ ဥပဒေ လိုက်နာကြရန်၊ နိုင်ငံသားဆိုင်ရာ ကောင်းမြတ်ခြင်းတရားကို ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်ကောင်းကျိုးအတွက် စွန့်လွှတ်အနစ်နာခံကြရန် သူတို့က အဖွဲ့ဝင်များအား သင်ကြားကြသည်။

ဤသို့ ရပ်တည်ချက်မျိုးကို ဒီမိုကရိုက်တပ် Democritus (460-370 BC) ကလည်း ထားရှိခဲ့သည်။ လူသားတစ်ဦးစီသည် နိုင်ငံတော်


mgyoe.com

mgyoe.com
SAMPLE BOOK


အကျိုးစီးပွားအတွက် မိမိကိုယ်မိမိ ပေးလှူသင့်သည်။ အကြောင်းမှာ 'ကောင်းစွာ စီမံအုပ်ချုပ်ထားသော နိုင်ငံတော်သည် ကျွန်ုပ်တို့၏ အကြီးကျယ်ဆုံးသော အကာအကွယ်ဖြစ်သည်' ဟု သူက ခံယူထားပေသည်။ တစ်နေရာတွင် သူက 'နိုင်ငံတော် အနေအထား ခိုင်မာသောအခါတွင် အရာအားလုံးသည် ကြီးကျယ်တိုးတက်ဖွံ့ဖြိုးပြီး၊ နိုင်ငံတော် ချွတ်ခြုံကျသောအခါတွင် အားလုံးသည် ပျက်ဆီးမှုသို့ ဆင်းသက်သွားတော့သည်' ဟု ရေးသားခဲ့သည်။ လူတိုင်းလူတိုင်း၏ ကောင်းကျိုးချမ်းသာသည် နိုင်ငံတော်အပေါ်တွင် တည်မှီနေကြရသောကြောင့် နိုင်ငံတော် ကောင်းကျိုးချမ်းသာရရှိရေးသည် လူသားတို့၏ ပထမဦးစားပေးအရာ ဖြစ်ရမည်ဟူ၍ ခံယူရန်မှာ အလွန်လျော်ကန်သင့်မြတ်လှပေ' ဟု သူက အဆိုပြုခဲ့သည်။

ဂရိတွေးခေါ်ပညာရှင် အာရစ္စတိုတယ် (Aristotle 384-322 BC) သည် နိုင်ငံတော်ကို လူမှုနိုင်ငံရေးအသိုင်းအဝိုင်း (Political Community) တစ်ခုအဖြစ် ဖွင့်ဆိုခဲ့သည်။ ၎င်းက နိုင်ငံတော်သည် လူသားများစုပေါင်း၍ တရားမျှတမှု (Justice) နှင့် ကောင်းမွန်သောဘဝ (Good Life) ကို ရှာဖွေသော အသိုင်းအဝန်းအဖြစ်မြင်ပါသည်။ လူသားသည် နိုင်ငံရေးသတ္တဝါဖြစ်သည်ဟု ယူဆပြီး နိုင်ငံတော်မရှိပါက ပြည့်ဝသောဘဝ မရနိုင်ဟု ဆိုပါသည်။ ထို့ပြင် နိုင်ငံတော်သည် လူတို့၏ အကျိုးစီးပွားနှင့် ကောင်းကျိုးချမ်းသာအတွက် တည်ထောင်ထားသော အဖွဲ့အစည်း၊ နိုင်ငံသားများ၏ သဘောတူညီချက်အပေါ် အခြေခံသောအုပ်ချုပ်ရေး၊ တရားဥပဒေအပေါ် အခြေခံမှုနှင့် နိုင်ငံသားတိုင်း ပူးပေါင်းပါဝင်မှုကို အလေးထားခြင်းတို့ ဖြစ်ကြောင်း ဖွင့်ဆိုပါသည်။ အနှစ်ချုပ်မှာ နိုင်ငံတော်သည် လူသားတို့၏ သဘာဝအလျောက် ဖွဲ့စည်းမှုဖြစ်ပြီး ကောင်းမွန်သောဘဝကို ဖန်တီးရန် ရည်ရွယ်သည်ဟု မှတ်သားရပါသည်။

ဟော်လန်နိုင်ငံသား ရဟူဒီတွေးခေါ်ရှင် အင်နီဒစ်စပီနိုဇာ (1632-1677) က 'နိုင်ငံတော်ဟူသည် လူသားအချင်းချင်း လူမှုပဋိညာဉ်ပြုမှုမှ ပေါက်ဖွားလာသော အကျိုးရလဒ်ဖြစ်သည်ဟု အတွေးအခေါ်တွင်လည်း တွေ့ရှိနိုင်သည်။ နိုင်ငံတော်မပေါ်မီက သဘာဝအတိုင်းနေထိုင်ကြသော


mgyoe.com

mgyoe.com

SAMPLE BOOK

အခြေအနေတွင် ခွန်အားသည် အခွင့်အရေးကို အဆုံးအဖြတ်ပေးလေသည်။ လူ့ဘဝတွင် အရာမှန်သမျှကို လုပ်ကိုင်ခွင့်ရှိပေသည်။ လူသည် မိမိ၏ ရည်မှန်းချက် ထမြောက်အောင်မြင်ရန်အတွက် အခြားသူများကို တိုက်ခိုက် ဖျက်ဆီးနိုင်၏။ လိမ်လည်လှည့်ဖြားနိုင်၏။ သို့သော် ဤသို့သောအခြေ အနေတွင် ပဋိပက္ခများ မလွဲမသွေ ပေါ်ပေါက်လာမည်။ ထို့ကြောင့် လူသား တို့သည် မိမိတို့၏ မူလအခွင့်အရေးကို စွန့်လွှတ်ကြပြီး အခြားသူများ၏ လိုအင်ဆန္ဒအခွင့်အရေးများကိုလည်း အသိအမှတ်ပြုကြကာ ငြိမ်းချမ်းသော အခြေအနေတစ်ရပ်ကို တည်ဆောက်လာကြသည်။ ဤသို့ဖြင့် နိုင်ငံတော် ဟူသည် ပေါ်ထွန်းလာ၏' ဟု ဆိုခဲ့ပါသည်။

နိုင်ငံတော်နှင့် ပတ်သက်၍ မကြာသေးခင်ကာလက ပေါ်ပေါက် လာသော မျက်မှောက်ခေတ် အတွေးအမြင်များမှာ မတူခြားနားသော ရှုထောင့်နှစ်ရပ်ကို အခြေခံထားကြောင်း တွေ့ရှိရသည်။ Plato (427-347) နှင့် နိရှေးတို့ ချမှတ်ခဲ့သော လမ်းကြောင်းအတိုင်း ခံယူသည်။ လူသား တစ်ဦးနှင့်တစ်ဦး ညီမျှမှုမရှိခြင်းသည် လူ၏သဘာဝ ဖြစ်သည်ဟု ယုံကြည် ကြသည်။ နိုင်ငံတော်အတွင်းရှိ အဖွဲ့ဝင်နိုင်ငံသားတိုင်းသည် လူမှုအဖွဲ့အစည်း တွင် မိမိတို့နှင့် သင့်လျော်ထိုက်တန်သော နေရာကို ရယူလုပ်ဆောင်ကြရ မည်သာ ဖြစ်သည်။ လူအချို့မှာ အုပ်ချုပ်သူ ဖြစ်သင့်ပြီး အခြားသူများမှာ အုပ်ချုပ်ခံများ ဖြစ်သင့်၏။ ဤသည်မှာ လုံးဝမှန်ကန်ပြီး သဘာဝလည်း ကျသည်ဟု ဆိုကြသည်။

ဖောဂယ်က ပလေတို၏ အယူအဆကို တစ်ဆင့်တက်၍ ခံယူခဲ့ သည်။ သူက နိုင်ငံတော် သို့မဟုတ် တစ်ဦးချင်း သီးခြားသဘောတို့ကို စုစည်းထားသော ယေဘုယျသဘောဆောင်သည့် လူ့အဖွဲ့အစည်းသည် သဘာဝအားဖြင့် အခြားသူများထက် ပိုမိုကောင်းမွန်သောကြောင့် အုပ်ချုပ်မှု အာဏာအလုံးစုံ ရှိသင့်သည်ဟု ဆိုပေသည်။

ရောမတွေးခေါ်ပညာရှင်များကလည်း လူနှင့်နိုင်ငံတော်ကို ခွဲခြား၍ မရကြောင်း၊ နိုင်ငံတော်ကသာ အချုပ်အာဏာပိုင်ဖြစ်ပြီး တရားဥပဒေများကို ပြုလုပ်သည့်သူအဖြစ် ခံယူကြသည်။ နိုင်ငံနှင့် လူ့အဖွဲ့အစည်းသည် နိုင်ငံ


mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ခုရဲ့ သွင်ပြင်လက္ခဏာဖြစ်သည်ဟု ဆိုပါသည်။ နိုင်ငံရေးအရ စုစည်းတည်ရှိသော လူ့အဖွဲ့အစည်းသည် Organized ဟု ပညာရှင်တွေက နိုင်ငံတော် ဖြစ်ကြောင်း (A State is a society politically) သတ်မှတ်ကြပါသည်။

လူမှုသိပ္ပံပညာရှင် မက်ဝီဘာက နိုင်ငံတော်အဓိပ္ပာယ်ကို 'နယ်ပယ်ပိုင်နက်တစ်ခုအတွင်း ရုပ်ပိုင်းအင်အားကို တရားဝင် အသုံးပြုနိုင်စေရေးအတွက် လွှဲအပ်ထားသော အဖွဲ့အစည်း' ဟူ၏။ ဤအဓိပ္ပာယ်အရဆိုလျှင် နိုင်ငံတော်၏ဖွင့်ဆိုချက်မှာ အမိန့်အာဏာတည်စေခြင်း (Enforcement) ပင် ဖြစ်ပါသည်။ ဤဖွင့်ဆိုချက်ဖြင့် အမေရိကန်နိုင်ငံတော် ဖွဲ့စည်းပုံကို ကြည့်လိုက်ရာ အားနည်းသောအစိုးရ မဟုတ်၊ အားကြီးသောအစိုးရ ဖြစ်နေသည်ကို တွေ့လိမ့်မည်ဟု ဆိုသည်။ ဗဟိုအဆင့်သာမက ပြည်နယ်အဆင့်တွင်ပါ ယာဉ်ဥပဒေ အစ၊ ကူးသန်းရောင်းဝယ်ရေးဥပဒေ အလယ်၊ နိုင်ငံသားအခွင့်အရေး အဆုံး နေရာအားလုံးတွင် အမိန့်အာဏာတည်းဟူသော အဖွဲ့အစည်းများ အားကောင်းမောင်းသန်ရှိနေသည်ကို သာဓကတင်သည်ဟု ဆိုခဲ့ပါသည်။

ဖော်ပြခဲ့သည့် အဆိုအမိန့် အတွေးအခေါ်များအရ နိုင်ငံတာ်သည် လူ၊ လူ့အဖွဲ့အစည်း အုပ်ချုပ်မှုများမှ စတင်အခြေခံလာသည်ဟု ဆိုရပါမည်။ နောက်ပိုင်းတွင် နေထိုင်ရာ အသက်မွေးဝမ်းကြောင်းပြုရာ နယ်မြေကို ထည့်သွင်းလာကြပြီး လူအဖွဲ့အစည်းကို ဦးဆောင်သူတို့၏ လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် နိုင်ငံတော်ကိုယ်စားပြုသည့် အချုပ်အခြာအာဏာ ရှိရမည်ဟု သတ်မှတ်တွေးခေါ်လာကြသည်။ ထို့ကြောင့် လူ၊ အဖွဲ့အစည်း၊ နယ်မြေသည် နိုင်ငံတော်ဟု သတ်မှတ်လာကြပြီး ၎င်း၌ အားလုံးနှင့်သက်ဆိုင်သည့် အချုပ်အခြာအာဏာသည် အရေးကြီးသောကဏ္ဍ ဖြစ်လာကြောင်း တွေ့ရပါသည်။

နိုင်ငံတော်နှင့်ပတ်သက်ပြီး မြန်မာစာအဘိဓာန်တွင် ဘုရင်တစ်ဦးတည်း သို့မဟုတ် အစိုးရတစ်ဖွဲ့တည်း၏ အုပ်ချုပ်မှုအောက်တွင်ရှိသော နယ်မြေအပိုင်းအခြား၊ တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာ၏ လွှမ်းမိုးရာ နယ်ပယ်


mgyoe.com

mgyoe.com  SAMPLE BOOK

ဆိုပါသည်။

နိုင်ငံနှင့်ပတ်သက်ပြီး အင်္ဂလိပ်စာရေးဆရာ ပိုလန်မိလီမိုတို၊ ဂျာမန်စာရေးဆရာ အလန်ရှိလီ စသည်တို့က ရှုထောင့်အမျိုးမျိုးဖြင့် နိုင်ငံနှင့်အချုပ်အာဏာအကြောင်း ဖွင့်ဆိုထားကြသော်လည်း အဓိကအချက် လေးချက် ရှိပါသည် –

(က) လူဦးရေ (Population)

(ခ) တိကျစွာ သတ်မှတ်ထားသော နယ်မြေ (Territory)

(ဂ) အုပ်ချုပ်သော အစိုးရ (Government)

(ဃ) အချုပ်အခြာအာဏာ (Sovereignty) အင်္ဂါလေးရပ် ဖြစ်သည်။

နိုင်ငံတော်ဆိုသည်မှာ ပထဝီနယ်နမိတ်၊ တိကျပိုင်းခြားထားသည့်နယ်မြေဒေသရှိသည်၊ မှီတင်းနေထိုင်ကြတဲ့ လူဦးရေနှင့် သူတို့ကိုဦးဆောင်သည့် အစိုးရရှိနေခြင်းသည် နိုင်ငံတစ်ခု၏ အခြေခံလိုအပ်ချက်ဖြစ်သည်။ ထိုအခြေခံလိုအပ်ချက်များနှင့် ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းတစ်ရပ် (Society) ၏ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်ရှိသော အချုပ်အခြာအာဏာ (Sovereignty) ရှိနေခြင်းသည် နိုင်ငံ သို့မဟုတ် တိုင်းပြည် (State)၏ သွင်ပြင်လက္ခဏာဖြစ်သည်။ ၎င်းနေရာမှာ နိုင်ငံနှင့် တိုင်းပြည် စကားအရာမျှသာ ခွဲခြားနိုင်ပြီး နိုင်ငံတော်သည် တိုင်းပြည်ရှိမှ ရပ်တည်နိုင်မည် ဖြစ်ပါသည်။ တိုင်းပြည်သည်လည်း နိုင်ငံတော်ရှိမှ ရပ်တည်နိုင်မည်ဟု ပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ သို့သော် အထက်ပါလေးချက်အပြင် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် သမိုင်းကြောင်းဖြစ်တည်မှုနှင့် နိုင်ငံတကာဆက်ဆံရေးသည်လည်း အရေးပါကြသည်ကို လက်ခံလာကြပါသည်။

နိုင်ငံတော်နှင့်ပတ်သက်ပြီး အစိုးရသည် နိုင်ငံတော်ကိုထိန်းကျောင်းရမည့် (Instrument) တစ်ခုပဲဟု သိနေရမည်ဖြစ်ပါသည်။ နိုင်ငံတော်ရဲ့ အင်္ဂါလေးရပ်ကို ရှင်းပြရပါက ပထမ လူဦးရေ၊ နောက် နယ်မြေ၊ အစိုးရနှင့် အချုပ်အခြာအာဏာတို့အကြောင်းကို ရှင်းရှင်းလင်းလင်း သိထားနိုင်ပါရန် ပြုစုတင်ပြပါမည်။


mgyoe.com

mgyoe.com SAMPLE BOOK 

## (၃) လူဦးရေ

နိုင်ငံတော်၏ လူဦးရေသည် ထိုနိုင်ငံ၏ လူမျိုး၊ လူဦးရေများက နိုင်ငံတကာ၌ ဝင့်ထည်နိုင်ရေးအတွက် လူဦးရေစာရင်းများကို ပြုစုပျိုးထောင်ပေးရာမှ လူသားအရင်းအမြစ်၊ စွမ်းရည်များ ဖြစ်သည့် ထင်ရှားသည့် အမျိုးသားရေးစရိုက်၊ လက္ခဏာများ၊ စိတ်ဓာတ်များ၊ နိုင်ငံကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်အချက်များက နိုင်ငံလူဦးရေအထဲမှာပင် တည်ရှိကြပါသည်။ ဒီအချက်များကို ပေါင်းစပ်ပြီး နိုင်ငံအင်အားနှင့် နိုင်ငံသြဇာအာဏာကို ရရှိလာခြင်း ဖြစ်သည့်အတွက် စည်းလုံးညီညွတ်စွာဖြင့် ဖွံ့ဖြိုးတိုးတက် ခိုင်မာသောနိုင်ငံ တည်ဆောက်နိုင်ကြမည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်တွင် လူဦးရေရှိရမည့် အင်္ဂါရပ်ထဲ၌ ပါဝင်ရပြီး နိုင်ငံတစ်ခုတွင် လူဦးရေက အဓိကကျခြင်း ဖြစ်ပါသည်။

နိုင်ငံတိုင်းတွင် နေထိုင်ကြသော ပြည်သူများ ရှိကြသည်။ ထင်ရှားသော အမျိုးသားရေး လက္ခဏာများလည်း ရှိတတ်ကြသည်။ ထိုနိုင်ငံ၏ အများသုံးဘာသာစကား လက္ခဏာတစ်ရပ်အဖြစ်သို့ အထောက်အကူပြုပေသည်။ သို့သော်လည်း အငြင်းပွားဖွယ် ရှိနေပြန်သေးသည်။ ကာလကြာရှည်ကပင် ပြင်သစ်စကားပြော ဘယ်ဂျီလ်ယံလူမျိုးများ၏ အငြင်းပွားမှုဖြစ်သည်။ ထိုအုပ်စုနှစ်ခုလုံးက ဘယ်ဂျီလ်ယံလူမျိုးများဟု ခံယူကြပြီး နိုင်ငံတစ်ခု၏ ပြည်သူများဟု ယုံကြည်ကြသည်။ နိုင်ငံများတွင် ဘာသာစကားသည်လည်းကောင်း စရိုက်လက္ခဏာများသည်လည်းကောင်း အမျိုးမျိုး ကွဲပြားလာခဲ့တတ်ကြပြီး လူပေါင်းစုံနေထိုင်သောနိုင်ငံများ ဖြစ်လာကြပါသည်ကို တွေ့မြင်ရပါသည်။

နိုင်ငံတော်၏ လူဦးရေသည် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်ရပ်တည်မှုအတွက် အရေးပါလျက်ရှိပြီး ထိုလူဦးရေသည် နိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်တို့နှင့် ပတ်သက်ဆက်စပ်နေပါသည်။

လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် လူဦးရေသည် နိုင်ငံ၏ ကာကွယ်ရေးအင်အား ဖြစ်ပါသည်။ လူငယ်လူရွယ်များ များပြားပါဝင်လာ


mgyoe.com

mgyoe.com SAMPLE BOOK

ပါက နိုင်ငံ၏လုံခြုံမှု တိုးမြှင့်ပေးနိုင်ပါသည်။ နိုင်ငံနေ ပြည်သူများ စိတ်ငြိမ်းအေးချမ်းသာယာမှုကို ရှိစေမည်ဖြစ်ပါသည်။

နိုင်ငံရေးကဏ္ဍတွင် လူဦးရေသည် နိုင်ငံရေးစနစ်ကို ချုပ်ကိုင်လွှမ်းမိုးနိုင်သည်။ လူဦးရေပေါက်ကွဲပါက နိုင်ငံရေးကို ထိခိုက်ကာ နိုင်ငံပျက်ဆီးနိုင်သည့်အထိ ဖြစ်စေနိုင်ပါသည်။ သင့်တင့်မျှတမှုရှိပါက နိုင်ငံရေးတည်ငြိမ်မှုကို ရရှိစေပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် လူဦးရေသည် နိုင်ငံ၏ကုန်ထုတ်စွမ်းအားကို ဖန်တီးပေးသည်။ အရွယ်ကောင်းလုပ်သားများ ပါဝင်ဆောင်ရွက်ကြပါက နိုင်ငံစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေပါသည်။ လူဦးရေတိုးပွားလာခြင်းသည် ဈေးကွက်များ ဖြစ်ပေါ်စေပြီး စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးလာစေမည် ဖြစ်ပါသည်။

လူမှုရေးကဏ္ဍတွင် လူဦးရေသည် နိုင်ငံ၏ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် လူမှုနေထိုင်မှုတို့ကို လူမျိုးစုအလိုက် ထိန်းသိမ်းနေထိုင်ကြသည်။ ထို့အတူ တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်ပါက ယဉ်ကျေးမှုအမျိုးမျိုးကို ဖလှယ်နိုင်ကြ၍ ကောင်းမွန်သော လူမှုရေးနှင့် ယဉ်ကျေးမှုများ ဖော်ဆောင်နိုင်ကြပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် သံယံဇာတကဏ္ဍတွင် လူဦးရေများပြားလာမှုသည် လူတို့ထိတွေ့နေရသော သဘာဝပတ်ဝန်းကျင်ရှိ သစ်တော၊ လယ်ယာကိုင်းကျွန်းများနှင့် မြို့ရွာတိုးချဲ့လာမှုကြောင့်လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းနှင့် လူသုံးပစ္စည်းများအတွက်သံယံဇာတများအား ထုတ်လုပ်မှုအပေါ် ဖြစ်လာစေနိုင်ပါသည်။ လူဦးရေနှင့်အတူ ထိုအရာများကို စနစ်တကျ စီမံခန့်ခွဲနိုင်မည် ဖြစ်ပါသည်။ လူနှင့် ပတ်ဝန်းကျင်နှင့် သယံဇာတညီညွတ်မျှတရေးကို စနစ်တကျစီမံခန့်ခွဲ၍ နိုင်ငံကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့အေးချမ်းသာယာရေးကို အထောက်အကူပြုပါသည်။

အချုပ်ဆိုရသော် နိုင်ငံ၏ လူငယ်လူရွယ်များသည် နိုင်ငံလူဦးရေ၏ကြီးမားသော အချိုးအစားဖြစ်သည့်အတွက် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် ကာယ၊ ဉာဏ၊ စွမ်းအား တို့တွင် ပါဝင်နိုင်ကြပြီး



mgyoe.com

mgyoe.com SAMPLE BOOK 

နိုင်ငံအေးချမ်းသာယာ၍ စီးပွားရေးဖွံ့ဖြိုးမှုအခွင့်အလမ်းများ ရရှိစေပါသည်။ ထို့အတူ မြို့ပြနှင့် ကျေးလက်တွင် ကြီးမားသော လူဦးရေအချိုးအစား နေထိုင်ကြပြီး နိုင်ငံ၏ စိုက်ပျိုးမွေမြူရေးကို အဓိကလုပ်ကိုင်နိုင်ကြသည်။ လူဦးရေကို စီမံခန့်ခွဲရာ၌ ပညာရေးတိုးတက်မှုသည် လူဦးရေ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုသည် လူဦးရေ၏ သက်တမ်းကို ရှည်စေပါသည်။ နိုင်ငံတစ်ခု၏ လူဦးရေသည် ထိုနိုင်ငံအနာဂတ်ကို သတ်မှတ်ပေးထားသည့် အဓိကအချက်ဖြစ်သည်။ လူဦးရေကို ထိရောက်စွာ စီမံခန့်ခွဲခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ကြောင်း သုံးသပ်ရပါသည်။

## (၄) နယ်မြေ နယ်နိမိတ်

တိကျသတ်မှတ်ထားသောနယ်မြေ (Territory) မြန်မာလိုဆိုပါက ပိုင်နက်ဟု ခေါ်ပါသည်။ နိုင်ငံတစ်ခုတွင် သတ်မှတ်ပြဋ္ဌာန်းထားသော နယ်မြေဒေသတစ်ခု ပိုင်ဆိုင်ရသည်။ နယ်မြေဒေသ မရှိသောနိုင်ငံကို နိုင်ငံတစ်ခု ခေါ်ဆိုရန် ခက်ခဲပါသည်။ နိုင်ငံ၏ နယ်မြေ၊ ပိုင်နက်၊ နယ်နိမိတ်များ ဖြစ်တည်လာပုံသည် အရေးကြီးသော အကြောင်းအရာ ဖြစ်ပါသည်။ သို့အတွက် မြန်မာနိုင်ငံ၏ နယ်မြေ ဖြစ်တည်မှုကို လေ့လာတင်ပြပါမည်။

အုပ်ချုပ်ရေးနယ်မြေတစ်ခု ဖွဲ့စည်းမှုသည် မလွဲမသွေ အရေးယူလုပ်ကြကိုင်ကြရပါသည်။ ထိုအုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းသည့်အခါ ဒေသ၏ ပထဝီအနေအထား Reginal Basic နှင့် လူဦးရေအခြေခံ Population Basic တို့အရလည်းကောင်း၊ ဒေသ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့် လမ်းပမ်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအချက်အလက်များကိုလည်းကောင်း စဉ်စားလုပ်ကိုင်ကြရပါသည်။

နိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားမောင်းနှင်ရာ၌ အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ခြင်း (Territorial Administrative Structure or Unit) သည် အရေးပါသည်။ နိုင်ငံ၏ သမိုင်းကြောင်း၊ ပထဝီအနေအထား၊ လူဦးရေ၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့် အခြေခံအချက်များကို


mgyoe.com

SAMPLE BOOK

သတ်မှတ်လေ့ရှိကြပါသည်။ နိုင်ငံတစ်ခုသည် လွတ်လပ်စွာတည်ရှိပြီး အစိုးရတစ်ရပ်က ကိုယ်ပိုင်ဩဇာအာဏာဖြင့် စီမံအုပ်ချုပ်လျှင် ထိုနယ်မြေကို နိုင်ငံတော်ဟု သတ်မှတ်သည်။ အဓိကအားဖြင့် နိုင်ငံတော် State ဟူသော အဓိပ္ပာယ်တွင် အနှစ်သာရအားဖြင့် သတ်မှတ်နယ်မြေတစ်ခုထက် အောက်ပါ အရည်အချင်းများ ပါဝင်ရသည်။

(က) နိုင်ငံတကာ အသိအမှတ်ပြုထားသော သတ်မှတ်ပိုင်နက်နယ်မြေ (Internationality Recognized Boundaries) ရှိရသည်။ အငြင်းပွားသော နယ်မြေတချို့ ရှိနိုင်သည်။

(ခ) ထိုသတ်မှတ်ထားသော ပိုင်နက်နယ်မြေသည် ကိုယ်ပိုင် အချုပ်အခြာအာဏာ တည်ရှိပြီး အခြားသော နိုင်ငံတစ်ခု သို့မဟုတ် နယ်မြေတစ်ခု၏ လွှမ်းမိုးမှုခံရခြင်း မရှိရ။

(ဂ) သက်ရောက်နယ်မြေဒေသတစ်ခုကို အခြားသော အချုပ်အခြာပိုင် နိုင်ငံများက အသိအမှတ်ပြု လက်ခံထားရမည်။ (Acknowledge/ accepted by other sovereign states)

(ဃ) ထိုသတ်မှတ်ပိုင်နက် နယ်မြေသည် စီးပွားရေး၊ စီးပွားရေးရာ ဆောင်ရွက်မှုများ ပြည်တွင်းပြည်ပ ကုန်သွယ်ရေးဆောင်ရွက်မှုနှင့် ထိုနယ်မြေသုံး ငွေကြေးတစ်ရပ်ရပ်ကို ထုတ်ဝေရမည်။

(င) ပိုင်နက်နယ်မြေတွင် ပြည်သူတစ်ရပ်က တဆက်တစပ်တည်း နေထိုင်မှုရှိရမည်။

(စ) ပိုင်နက်နယ်မြေသည် ကုန်လမ်းပို့ဆောင်ရေးစနစ်တစ်ခု ရှိရမည် ဖြစ်ပြီး လူ၊ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုတို့အတွက် ဖြစ်ရမည်။

(ဆ) ပိုင်နက်နယ်မြေသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (Public Services ) နှင့်အတူ ဥပဒေလုပ်ထုံးလုပ်နည်းတို့ကို ပြည်သူများအား လိုက်နာစေရမည်။

(ဇ) ပိုင်နက်နယ်မြေသည် လူမှုအင်ဂျင်နီယာ (Social engineering) သဘောဩဇာ ရှိနေရမည်။ (ပညာရေး၊ ကျန်းမာရေးပြည့်ရပိုင်ခွင့် စသည်များ)


mgyoe.com

mgyoe.com SAMPLE BOOK 

ပိုင်နက်နယ်မြေ Territory သည် ယေဘုယျအားဖြင့် နိုင်ငံတစ်ခုတွင် သတ်မှတ်ပြဋ္ဌာန်းထားသော နယ်မြေဒေသတစ်ခု ပိုင်ဆိုင်ရပါမည်။ နယ်မြေဒေသမရှိသောနိုင်ငံကို နိုင်ငံတစ်ခုဟုခေါ်ဆိုရန် ခက်ခဲပါသည်။ (ဒေါက်တာနေဇင်လတ်) သို့အတွက် မြန်မာနိုင်ငံ၏ အုပ်ချုပ်ခဲ့သောနယ်မြေများအကြောင်း တင်ပြမည် ဖြစ်ပါသည်။

## (၅) နယ်မြေနှင့် အုပ်ချုပ်ရေး

နယ်မြေနှင့် အုပ်ချုပ်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်မှုစနစ်၏ အာဏာခွဲဝေမှုနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးနှင့် သက်ဆိုင်နေပြီး ထိုနိုင်ငံ၏ လုံခြုံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများဘဝ အရည်အသွေးကိုပါ မြင့်မားစေနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ နယ်မြေကို ထိရောက်စွာ အုပ်ချုပ်နိုင်ရန် အုပ်ချုပ်မည့်စနစ်များအနက် အဓိကအုပ်ချုပ်သည့်စနစ်များမှာ –

(က) **ဗဟိုချုပ်ကိုင်အုပ်ချုပ်ရေး (Centralized Administration)**
ဗဟိုအစိုးရမှ နယ်မြေအားလုံးကို တိုက်ရိုက်အုပ်ချုပ်ခြင်းဖြစ်ပြီး ဒေသဆိုင်ရာ အာဏာများကို ဗဟိုမှ ချုပ်ကိုင်ထားသည်။ (ဥပမာ – ပြင်သစ်၊ တရုတ်)

(ခ) **ဒေသခံအုပ်ချုပ်ရေး (Decentralized Administration)**
ဒေသဆိုင်ရာအစိုးရများကို အာဏာအပ်နှင်းထားပြီး ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရှိပါသည်။ (ဥပမာ – အမေရိကန်၊ အိန္ဒိယ)

(ဂ) **ဖက်ဒရယ်စနစ် (Federal System)**
နိုင်ငံကို ပြည်နယ်များခွဲကာ ပြည်နယ်တစ်ခုစီတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိပြီး ဗဟိုအစိုးရနှင့် အာဏာခွဲဝေ အုပ်ချုပ်ပါသည်။

အထက်ပါ အုပ်ချုပ်ရေးစနစ်များ၏ အုပ်ချုပ်ရေးအဆင့်ဆင့် လေ့လာကြည့်ပါက ဗဟိုအစိုးရသည် နိုင်ငံတစ်ဝှမ်းလုံး၏ မူဝါဒများ၊ ဥပဒေ


mgyoe.com

mgyoe.com SAMPLE BOOK

များနှင့် လုံခြုံကာကွယ်ရေးကို ချမှတ်အုပ်ချုပ်ပါသည်။ ဒေသဆိုင်ရာ အစိုးရသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအထိ ဒေသအဆင့်လိုက် အုပ်ချုပ်ရေးသာ ဆောင်ရွက်ကြပါသည်။ ဒေသအုပ်ချုပ်ရေးကောင်စီ၊ ကော်မတီသည် ကျေးရွာ၊ မြို့ ပြည်သူ့လိုအပ်ချက် ဖြည့်ဆည်းပေးသည်ကို တွေ့ရပါသည်။ ဖက်ဒရယ်အုပ်ချုပ်ရေးသည် အစိုးရအဆင့် အထက်အောက်ကြား အုပ်ချုပ်ရေးအာဏာကို ပိုင်းခြားခွဲဝေကျင့်သုံးသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်/ဒေသဆိုင်ရာ အစိုးရများအကြားတွင် အခြေခံဥပဒေမှတစ်ဆင့် အာဏာများကို ရှင်းရှင်းလင်းလင်း ခွဲဝေပေးထားခြင်း ဖြစ်သည်။

နယ်မြေအုပ်ချုပ်ရေး အရေးပါမှုတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှတစ်ဆင့် ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုနီးကပ်စွာ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ဒေသလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည် ဖော်ပေးနိုင်ခြင်း၊ ဒေသခံများသည် ဒေသဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်နိုင်ပြီး လိုလားသော အုပ်ချုပ်ရေးစနစ် အထောက်အကူပြုနိုင်ခြင်းနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးမှတစ်ဆင့် တည်ငြိမ်အေးချမ်းမှုရရှိရေးတို့ အရေးပါပေသည်။

သို့သော် နယ်မြေအုပ်ချုပ်ရေးသည် အာဏာခွဲဝေမှုတွင် ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရများအကြား အာဏာခွဲဝေမှုဆိုင်ရာ ပဋိပက္ခဖြစ်စေနိုင်ခြင်း၊ ဒေသလိုက် ဖွံ့ဖြိုးရေးနှင့် အရင်းအမြစ်များ မညီမျှမှုများ ရှိနေနိုင်ခြင်းနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးစနစ် အားနည်းပါက ဖွံ့ဖြိုးရေး၊ လုံခြုံရေးများကို ထိခိုက်နှောင့်နှေးမှုများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ဒေသဆိုင်ရာအစိုးရများကို လုံလောက်သောအာဏာနှင့် အရင်းအမြစ်များကို ခွဲဝေသတ်မှတ်ပေးအပ်ခြင်း၊ ဒေသခံပြည်သူများ ပါဝင်ဆုံးဖြတ်မှု ရှိစေရန် အားပေးခြင်းနှင့် အုပ်ချုပ်ရေးစနစ်ကို ပိုမိုထိရောက်စေရန် နည်းပညာနှင့် လူသားအရင်းအမြစ်များ စီမံခန့်ခွဲခြင်း (Homan Resource Management) ဖွံ့ဖြိုးတိုးတက်စေရန် မြှင့်တင်ပေးခြင်းဖြင့် ပြည်သူများက လိုလားသော အုပ်ချုပ်ရေးစနစ် ဖြစ်လာနိုင်မည် ဖြစ်ပါသည်။ သို့မှသာ နယ်မြေနှင့် အုပ်ချုပ်ရေးသည် တည်ရှိနေပြီး အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်


mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ကြမည် ဖြစ်ပါသည်။ သို့အတွက် မြန်မာနိုင်ငံ၏ အုပ်ချုပ်ခဲ့သောနယ်မြေများအကြောင်းများကို ဆက်လက်တင်ပြမည် ဖြစ်ပါသည်။

## (၆) မြန်မာနိုင်ငံအုပ်ချုပ်ရေးနယ်မြေများအကြောင်း

မြန်မာနိုင်ငံတွင် ရှေးဟောင်း အုပ်ချုပ်ရေးကာလကစ၍ နယ်မြေပိုင်းခြားမှုများကိုလည်း ရှေးဇာတက၊ အဋ္ဌကထာကျမ်းများတွင် တိုင်းများ (ဇနပဒ၊ ရဋ္ဌ)၊ ပြည်နယ်နှင့် မြို့နယ်များ (နဂရ)၊ နိဂုံး (နိဂမ)၊ ရွာ (ဂါမ) များ ဟူ၍ ပါရှိပါသည်။ သာသနာတော် ၂၃၆ ခုနှစ် မင်း ၄ ဆက်မြောက် သီရိဓမ္မာသောကမင်း လက်ထက်၌ ဇမ္ဗူဒီပါကျွန်း တိုင်းကြီး ၁၆ တိုင်းတွင် အင်္ဂတိုင်း၊ မဂ္ဂတိုင်း၊ ကာသိကရာဇ်တိုင်း၊ ကောလသတိုင်း၊ ဝဇ္ဇတိုင်း၊ စေတီယတိုင်း၊ ဝင်္ဂတိုင်း၊ ဂုရုရာဇ်တိုင်း၊ ပဉ်ရာဇ်တိုင်း၊ မစ္ဆတိုင်း၊ သူရသေနတိုင်း၊ နလ္လတိုင်း၊ ကမ္ဘောဇတိုင်း ဟူ၍ ၁၆ တိုင်းနှင့် ပြည်ကြီး တစ်ဆယ့်ခြောက်ပြည်ကား သာဝတ္ထိပြည်၊ ဝေသာလီပြည်၊ ပါတလီပုတ်ပြည်၊ စေတုတ္တရာနဂိုရ်ပြည်၊ သင်္ဃဿနဂိုရ်ပြည်၊ စမ္မာနဂိုပြည်၊ ကလိန်ကရာဇ်ပြည်၊ ကောလီယပြည်၊ သာကေတပြည်၊ ဣန္ဒပတနဂိုရ်ပြည်၊ ကပ္ပိလဝတ္ထုပြည်၊ ရာဇဂြိုလ်ပြည်၊ ကုသိန္နာရုံပြည်၊ ဒေဝဒေဟပြည်၊ ကောသမ္ဗီပြည်၊ ဗာရာဏသီပြည် ဟူ၍ ၁၆ ပြည်တည်းဟု စမ္ပိပဉဆောင်းကျမ်း၊ မြန်မာနိုင်ငံ သုတေသန အသင်း ၁၂၇၁ (၁၉၁၀) ခုနှစ်တွင် တွေ့ရပါသည်။

မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် ဘုရားရှင်လက်ထက်တော်၌ ပြည်ကြီး၊ မြို့တော်ကြီးနှစ်ဆယ်အဖြစ် ဗာရာဏသီပြည်၊ ကောသမ္ဗီယပြည် စသည်ဖြင့်လည်းကောင်း၊ မဟာဝင်ဋီကာလာ မဟာသမ္မတမင်းမှစ၍ မင်းတို့စံရာ နေပြည်တော်အဖြစ် ပြည်ကြီးနှစ်ဆယ့်တစ်ပြည်ရှိကြောင်းနှင့် အင်္ဂုတ္တရပါဠိတော်တွင် တိုင်းကြီး တစ်ဆယ့်ခြောက်တိုင်း ဗုဒ္ဓပိဋကတ်တွင် တိုင်းကြီးနှစ်ဆယ်တို့ကိုလည်းကောင်း အုပ်ချုပ်ရေးနယ်ပယ်သတ်မှတ်ချက် အစဉ်အလာများ ရှိခဲ့ပါသည်။

ဇမ္ဗူဒီပဉဆောင်ကျမ်းတွင် အုပ်ချုပ်ရေးနယ်နိမိတ်များ ပိုင်းခြားရာ၌ အရှေ့၊ အနောက်၊ တောင်၊ မြောက် အလားအလာဖြင့် သဘာဝ


mgyoe.com

mgyoe.com  SAMPLE BOOK

တောတောင်၊ မြစ်ချောင်းများကို ဗဟိုပြု၍ သတ်မှတ်လေ့ရှိပါသည်။ ထိုခေတ်များတွင် ပြည်နယ်၊ တိုင်းအုပ်ချုပ်ရေး နယ်နိမိတ်အပိုင်းအခြားများမှာ သတ်မှတ်ပိုင်းခြားထားမှု မရှိသည့်အပြင် ပြည်နယ်တိုင်း တစ်ခုနှင့်တစ်ခု မှီခိုမှု၊ အုပ်စိုးမှု မရှိကြပေ။ သို့ရာတွင် ပြည်နယ်တစ်ခုနှင့် တစ်ခု၊ တိုင်းတစ်တိုင်းနှင့် တစ်တိုင်း မိတ်ဖွဲ့မှု၊ ဆက်ဆံမှု၊ သံခင်း၊ တမန်ခင်း ဆက်နွယ်မှုများ ရှိကြပါသည်။

## (၇) ရှေးဟောင်းအုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

မြန်မာ့သမိုင်းအစ ပထမ တကောင်းခေတ်မှ ကုန်းဘောင်ခေတ်အထိ ရှေ့မြန်မာမင်းများလက်ထက်၌ အုပ်ချုပ်ရေးနယ်မြေ အစဉ်အဆက် သတ်မှတ်ချက်များ တွေ့ရပါသည်။ နောက်ဆုံး ကုန်းဘောင်ခေတ် သီပေါမင်းလက်ထက်တွင် (အထက်မြန်မာပြည်) ခရိုင် ၁၀ ရပ်ဖွဲ့စည်းမှုကို မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်မှာတမ်းကြီး၊ ဒုတိယပိုင်း စာမျက်နှာ ၁၁၀၊ ၁၁၁တွင် –

(၁) ပထမဌာန ရွှေကြိုးသတ်နယ်မြေ၊ ရွှေမြို့တော်၊
(၂) ဒုတိယဌာန အဝမြို့ခရိုင်၊
(၃) တတိယဌာန တောင်ငူခရိုင်၊
(၄) စတုတ္ထဌာန တောင်တွင်းကြီးခရိုင်၊
(၅) ပဥ္စမဌာန အောက်မြစ်စဉ်ခရိုင်၊
(၆) ဆဋ္ဌထဌာန ပခန်းကြီးခရိုင်၊
(၇) သတ္တမဌာန ချင်းတွင်းကြောင်းခရိုင်၊
(၈) အဋ္ဌမဌာန စစ်ကိုင်းခရိုင်၊
(၉) နဝမဌာန ရတနသိဃ်ခရိုင်၊
(၁၀) ဒသမဌာန အညာဖြစ်စဉ်ခရိုင်၊ ဆိုခဲ့သော မြန်မာ့မြို့ရွာများဟု ခွဲခြားသော ၁၁ ဌာနတွင်၊ အချို့ ရှမ်းမြို့ရွာများလည်း ပါသွားသည်။ ဝန်သိုစော်ဘွား၊ ဘွားစားစုမြို့ရွာများမှာ ရတနာသိဃ်ခရိုင်တွင် ပါဝင်သွားသည်။ မိုးမိတ်၊ မိုးလှိုင်း၊ စော်ဘွား၊ ဘွားစားစု မြို့ရွာများမှာ အညာမြစ်စဉ်ခရိုင်တွင်